ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မူဝါဒ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မူဝါဒ

(၂၀၂၀ - ၂၀၃၀)

Logo ထည့်ရန် (MOHS, DRD, DBE)

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ

ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မူဝါဒ

မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| | အတိုကောက်စကားလုံးများ | ၃ |
| | အဓိပ္ပါယ်ဖွင့်ဆိုချက်များ | |
| | ကျေးဇူးတင်လွှာ | ၉ |
| | ရှေးဦးစကား | ၁၀ |
| | နိဒါန်း | ၁၂ |
| က. | သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ကဏ္ဍ၏မျှော်မှန်းချက် | ၁၂ |
| ခ. | ကောင်းမွန်သော သန့်ရှင်းရေးကို လိုအပ်ခြင်း | ၁၂ |
| ဂ. | လက်ရှိအနေအထား | ၁၄ |
| ဃ. | သက်ရောက်မှုများ | ၂၀ |
| င. | စိန်ခေါ်မှုများ | ၂၂ |
| စ. | ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မူဝါဒရှိသင့်သည့် အကြောင်းရင်း | ၂၃ |
| ဆ. | မူဝါဒ အခင်းအကျင်း | ၂၅ |
| ဇ. | မူဝါဒ၏ လွှမ်းခြုံမှုနယ်ပယ် | ၃၀ |
| ဈ. | လျာထားချက်များ | ၃၃ |
| ည. | ဥပဒေသများ | ၃၅ |
| ဋ. | မူဝါဒ၏အစိတ်အပိုင်းများ | ၄၀ |
| ဌ. | ကဏ္ဍခွဲမဟာဗျူဟာများ | ၅၃ |
| ဍ. | မူဝါဒကိုကျင့်သုံးခြင်း | ၅၈ |

## အတိုကောက်စကားလုံးများ

| | | |
|---|---|---|
| BCC | Behavior Change Communication | အပြုအမူပြောင်းလဲရန်ဆက်သွယ်ခြင်း |
| CATS | Community Approaches to Total Sanitation | ပြည်သူလူထုချဉ်းကပ်မှုဖြင့် အလုံးစုံ သန့်ရှင်းရေး လုပ်ငန်းစဉ် |
| CLTS | Community-Led Total Sanitation | ပြည်သူလူထုဦးဆောင်သော အလုံးစုံ သန့်ရှင်းရေးလုပ်ငန်းစဉ် |
| CSO | Civil Society Organization | အရပ်ဖက် လူမှုအဖွဲ့အစည်း |
| CSR | Corporate Social Responsibility | လူမှုအဖွဲ့အစည်းအကျိုးပြုလုပ်ငန်း |
| DALY | Disability-Adjusted Life Year | မသန်စွမ်းမှု ညှိနှိုင်းပြီးအသက်နှစ် |
| DHS | Demographic and Health Survey | လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက် စစ်တမ်း |
| EASAN | East Asian Sanitation Hygiene Ministeral / Conference | အရှေ့အာရှနိုင်ငံများ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဆိုင်ရာ ဝန်ကြီးများအဆင့်ညီလာခံ |
| EMIS | Eduacation Management Information System | ပညာရေး စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် |
| EIA | Environmental Impact Assessment | ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု လေ့လာဆန်းစစ်ချက် |
| FSM | Fecal Sludge Management | မိလ္လာအနှစ်နှင့် ချိုးများစွန့်ပစ်မှုစီမံခန့်ခွဲခြင်း |
| GDP | Gross Domestic Product | စုစုပေါင်းပြည်တွင်း အသားတင်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး |
| GPI | Gender Parity Index | ကျား/မ ပညာသင်ကြားမှု အညွှန်းကိန်း |
| HCF | Health Care Facilities | ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ |

| | | |
|---|---|---|
| HMIS | Health Management Information System | ကျန်းမာရေး စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် |
| IA | Implementing Agency | အကောင်အထည်ဖေါ်ဆောင်ရွက်သည့် အဖွဲ့အစည်း |
| IDP | Internally Displaced Persons | ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသူများ စစ်ဘေးရှောင်သူများ |
| IPC | Inter–Personal Communication | လူအချင်းချင်း ဆက်သွယ်ပြောဆိုခြင်း |
| JMP | Joint Monitoring Program | ပူးတွဲစောင့်ကြည့်စစ်ဆေးခြင်းအစီအစဉ် |
| M&E | Monitoring and Evaluation | စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း |
| MDG | Millennium Development Goals | ထောင်စုနှစ် ရည်မှန်းချက် ပန်းတိုင်များ |
| MHM | Menstrual Hygiene Management | ဓမ္မတာသန့်ရှင်းရေး အစီအမံ |
| MICS | Multiple indicator Cluster Survey | အုပ်စုလိုက် ဘက်စုံညွှန်ကိန်း စစ်တမ်းကောက်ယူခြင်း |
| MIS | Management Information System | စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် |
| MoHS | Ministry of Health and Sports | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |
| MSDP | Myanmar Sustainable Development Plan | မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း |
| NA | Not Applicable | ကိန်းဂဏန်းမရှိ/မရ၊ မရရှိနိုင် |
| NGO | Non–Government Organization | အစိုးရမဟုတ်သော အဖွဲ့အစည်း |
| O&M | Operation and Maintenance | လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း |
| ODF | Open Defecation Free | တောထိုင်ခလေ့ ကင်းစင်ခြင်း |

| | | |
|---|---|---|
| RHC | Rural Health Center | ကျေးလက်ကျန်းမာရေးဌာန |
| S&H | Sanitation and Hygiene | သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး |
| SDG | Sustainable Development Goals | စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ |
| SHG | Self Help Group | ကိုယ့်အားကိုယ်ကိုးအုပ်စု<br>ကိုယ်ထူကိုယ်ထအုပ်စု |
| SWA | Sanitation and Water for All | အားလုံးအတွက် သန့်ရှင်းရေးနှင့်<br>ရေကောင်းရေသန့်ရရှိရေး |
| TWG | Technical Working Group | နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ |
| UNICEF | United Nations Children's Fund | ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ |
| WASH | Water, Sanitation and Hygiene | ရေကောင်းရေသန့်ရရှိရေး၊ သန့်ရှင်းရေးနှင့်<br>တစ်ကိုယ်ရေသန့်ရှင်းရေး |
| WHO | World Health Organization | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ |

## **အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

| | |
|---|---|
| သန့်ရှင်းရေး | သန့်ရှင်းရေးဆိုသည်မှာ လူ့မစင်အညစ်အကြေးများကို အိမ်သာတွင် စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ မစင်စွန့်သောနေရာတွင် သန့်စင်ခြင်း သို့မဟုတ် သယ်ယူပြီး သန့်စင်ခြင်းနှင့် အပြီးသတ်အသုံးပြုခြင်း သို့မဟုတ် စွန့်ပစ်ခြင်း တို့အထိ လုံခြုံစိတ်ချရသော စီမံခန့်ခွဲမှုအတွက် အသုံး အဆောင်များနှင့် ဝန်ဆောင်မှုများ ပေးအပ်ခြင်းကို ဆိုလိုသည်။ ပိုမို ကျယ်ပြန့်စွာဆိုရလျှင် သန့်ရှင်းရေးတွင် အမှိုက်နှင့် တိရစ္ဆာန် အညစ်အကြေးကို လုံခြုံစိတ်ချရသော စီမံခန့်ခွဲမှုတို့ ပါဝင်ပါသည်။ (https://www.who.int/topics/sanitation/en/) |
| သန့်ရှင်းရေးဆိုသည်မှာ | သန့်ရှင်းရေးဆိုသည်မှာ လူတို့၏ကာယစိတ္တ နှစ်ဖြာသောသုခကို နှောင့်ယှက်ဟန့်တားနိုင်သည့် အကြောင်းအချင်းအရာ မှန်သမျှ လျော့နည်းသည်မှ လုံးဝပပျောက်သည်အထိ ဆောင်ရွက်ခြင်း ဖြစ်သည်။ သန့်ရှင်းရေးသည်မှာ လူ့အဖွဲ့အစည်းတစ်ခုအတွင်းတွင် သပ်ရပ်သန့်ရှင်းခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ ကျန်းမာခြင်းနှင့် ပြည့်စုံသော အလေ့အထများတို့ အားလုံးနှင့် ပြည့်စုံသော ယဉ်ကျေးမှု အဆင့်တစ်ခု ရှိခြင်းဖြစ်ပါသည်။ အဆိုပါယဉ်ကျေးမှုသည် တောရွာမြို့ပါ အိမ်များ၊ ကျောင်းများ၊ အဖွဲ့အစည်းများ၊ ခရီးသွားသောနေရာများ စသည့် နေရာအားလုံးတွင် ရှိနေရပါမည်။ သန့်ရှင်းရေး၏ အဓိပ္ပါယ်သည် အိမ်သာရှိခြင်း၊ အိမ်သာသုံးစွဲခြင်းတို့ထက် ပိုပြီး အလုံးစုံ ဖွံ့ဖြိုး တိုးတက်မှု၏ လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ကောင်းမွန်သော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အပြုအမူများသည် လူတိုင်း အရိုးစွဲနေသော အလေ့အကျင့် ဖြစ်ရပါမည်။ ယင်းတို့မရှိခြင်းသည် လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်း တစ်ခုလုံးကို သက်တောင့်သက်သာနှင့် စိတ်ချမ်းမြေ့မှု မရှိအောင် ပြုလုပ်ခြင်း ဖြစ်ပါသည်။ |
| လက်ဆေးခြင်း | လက်ဆေးခြင်းဆိုသည်မှာ သင့်လက်များသည် အမြင်အရ အညစ်အကြေးများ စွန်းထင်းပေကျံနေပါက သို့မဟုတ် အစာစား/ကျွေးခြင်း၊ အိမ်သာ အသုံးပြုခြင်း၊ ကလေးအညစ်အကြေးများ |

| | |
|---|---|
| | (ကလေးဖင်ဆေးခြင်း အပါအဝင်) သန့်စင်ဆေးကြောခြင်းနှင့်အခြား လုပ်ဆောင်ချက်များကဲ့သို့ အချို့အပြုအမူ/ လုပ်ဆောင်ချက်များ မတိုင်မီ/ပြီးနောက် ရေနှင့် ဆပ်ပြာ တို့ဖြင့် သင့်လက်များကို သန့်ရှင်းစေသည့် လုပ်ဆောင်ချက် ဖြစ်ပါသည်။ အညစ်အကြေးများ စွန်းထင်းပေကျံခြင်းမရှိပါက ရေနှင့် ဆပ်ပြာတို့ဖြင့် သို့မဟုတ် အရက်ပြန်ပါသော လက်သန့် ဆေးရည်ဖြင့် သင့်လက်များကို သန့်ရှင်းစေသည့် လုပ်ဆောင်ချက် ဖြစ်ပါသည်။ |
| တစ်ကိုယ်ရေသန့်ရှင်းရေး | တစ်ကိုယ်ရေသန့်ရှင်းရေး ဆိုသည်မှာ မိမိကိုယ်တိုင်နှင့်ပတ်ဝန်းကျင် နှစ်ခုလုံးကို သန့်ရှင်းအောင် ထိန်းသိမ်းဆောင်ရွက်ခြင်းကို ဆိုလိုသည်။ “အထူးသဖြင့် လူတစ်ဦးချင်းစီ၏ သဘောသဘာဝအရ လုပ်ဆောင်ချက် အပြုအမူအားဖြင့် ကျန်းမာရေးနှင့် လူမှုဘဝ တိုးတတ်မြင့်မားလာ စေခြင်း”ကို ဆိုလိုပါသည်။ ၎င်းသည် ကိုယ်ခန္ဓာ အထူးသဖြင့် လက်များကို သန့်ရှင်းစေသည်။ အစားအစာနှင့် ရေကို လွှမ်းခြုံစေသည်။ ရောဂါပိုးမွှားကင်းစင်သည့် ပတ်ဝန်းကျင်ကို ထိန်းသိမ်း စေသည်။ |
| ကောင်းမွန်သန့်ရှင်းသော အိမ်သာ | မစင်မှတစ်ဆင့် ပါးစပ်သို့ မစင်ပိုးမွှားများ ရောက်ရှိခြင်းနှင့် ရေထု ညစ်ညမ်းခြင်းကို လက်တွေ့တားဆီးနိုင်သည့် အိမ်သာ အမျိုးအစား ဖြစ်ပါသည်။ ယင်ကောင်သည် မစင်အညစ်အကြေးဆီသို့ မရောက် နိုင်ခြင်းနှင့် လူဆီသို့ ပြန်မလာနိုင်ခြင်းကို ဆိုလိုသည်။ အိမ်သာကြောင့် ရေအရင်းအမြစ်များအားလုံးသည် ညစ်ညမ်းမှုမဖြစ်စေရဟု ဆိုလိုသည်။ |
| အခြေခံ သန့်ရှင်းရေး ဝန်ဆောင်မှု | စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များတွင် ကောင်းမွန်သန့်ရှင်းသော အိမ်သာအတွက် အသုံးပြုသောဝေါဟာရ ဖြစ်သည်။ ကောင်းမွန် သန့်ရှင်းသော အိမ်သာကို အိမ်ဝိုင်းတစ်ခုအတွင်း အခြားအိမ်ထောင်စု များနှင့် မျှဝေသုံးစွဲမှု မပြုခြင်း ဖြစ်ပါသည်။ မစင်မှတစ်ဆင့် ပါးစပ်သို့ မစင်ပိုးမွှားများရောက်ရှိခြင်းနှင့် ရေထုညစ်ညမ်းခြင်းကို လက်တွေ့ တားဆီးနိုင်သည့် အိမ်သာ ဖြစ်ပါသည်။ ယင်ကောင်သည် မစင်အညစ် အကြေးသို့ မရောက်နိုင်ခြင်းနှင့် လူဆီသို့ ပြန်မလာနိုင်ခြင်းကို |

| | |
|---|---|
| | ဆိုလိုသည်။ အိမ်သာကြောင့် ရေအရင်းအမြစ်များအားလုံး ညစ်ညမ်းမှု မဖြစ်စေရဟု ဆိုလိုသည်။ |
| ကောင်းမွန်၍ လုံခြုံစိတ်ချသော သန့်ရှင်းရေး ဝန်ဆောင်မှု | ကောင်းမွန်သန့်ရှင်းသော အိမ်သာကို အိမ်ဝိုင်းတစ်ခုအတွင်း အခြား အိမ်ထောင်စုများနှင့် မျှဝေသုံးစွဲမှု မပြုခြင်း ဖြစ်ပါသည်။ အညစ်အကြေးများကို အိမ်သာတွင် လုံခြုံစိတ်ချစွာ စွန့်ပစ်ခြင်း သို့မဟုတ် အခြားတစ်နေရာသို့ သယ်ဆောင်သန့်စင်စေခြင်း သို့မဟုတ် ပြည့်သွားသောတွင်းကို ဖို့၍ တွင်းအသစ်တူးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ကောင်းမွန်သန့်ရှင်းသော အိမ်သာ/အခြေခံ သန့်ရှင်းရေးဝန်ဆောင်မှုမှ မိလ္လာကို လုံခြုံစိတ်ချရအောင် သိမ်းဆည်း၊ သယ်ဆောင်၊ သန့်စင်၊ စွန့်ပစ်ခြင်း ဖြစ်ပါသည်။ အိမ်သာကို သာမက သန့်စင်ပြီး အညစ်အကြေးများကို အပြီးသတ် စွန့်ပစ်သည်အထိ ပါဝင်သည်။ |
| ပူးတွဲစောင့်ကြည့်စစ်ဆေးခြင်း အစီအစဉ် | စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးတွဲဆောင်ရွက်သော နိုင်ငံတကာ စောင့်ကြည့်စစ်ဆေးခြင်းစနစ်။ ကိန်းဂဏန်း အရင်းအမြစ် သည် ပုံမှန်အားဖြင့် လူနေမှုဘဝနှင့် ကျန်းမာရေး ဆိုင်ရာအခြေခံ အချက်အလက်စစ်တမ်း၊ အုပ်စုလိုက်ဘက်စုံညွှန်ကိန်း စစ်တမ်း ကောက်ယူခြင်း စသည်ဖြင့် နိုင်ငံကို အခြေခံသည့် ကိန်းဂဏန်း စုဆောင်းသည့်စနစ်များ ဖြစ်ပါသည်။ နိုင်ငံတစ်ခု၏ အပြောင်း အလဲပြမျဉ်းကို ကိန်းဂဏန်းမျိုးစုံ စနစ်များအား အခြေခံ၍ ရေးဆွဲသည်။ |
| ကျောင်း သန့်ရှင်းရေး | ကျောင်းတစ်ကျောင်းရှိ ကျောင်းသားကျောင်းသူများ၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများအတွက် သန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်/အိမ်သာ။ ကျား/မ သီးသန့်ခွဲခြားခြင်း၊ လုံခြုံ စိတ်ချရသော သန့်ရှင်းရေး အဆင့်အတန်းများရှိခြင်း၊ အရေအတွက် လုံလောက်ခြင်း (ဆီးသွားခွက်များ/အိမ်သာများနှင့် ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းတို့၏ အချိုး)၊ လက်ဆေးရန်နှင့် ဓမ္မတာလာချိန် တစ်ကိုယ်ရေ သန့်ရှင်းရေး အစီအမံ အသုံးအဆောင် ရှိခြင်း။ |

| | |
|---|---|
| ဆေးရုံဆေးခန်း သန့်ရှင်းရေး | ဆေးရုံများနှင့်ဆေးခန်းများရှိ သန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်/ အိမ်သာ။ဆေးရုံ၏အရွယ်အစား၊ပြင်ပ/အတွင်းလူနာများနှင့်ကျန်းမာရေး ဝန်ထမ်းများ၏ အရေအတွက်အလိုက် အချိုးကိုက်ညီမှု ရှိခြင်း။ |
| ဓမ္မတာလာချိန် တစ်ကိုယ်ရေ သန့်ရှင်းရေး စီမံဆောင်ရွက်မှု | ကျောင်းများတွင် အမျိုးသမီးငယ်များ၏ ဓမ္မတာလာချိန်တွင်အသုံးပြုရန် သီးသန့်အသုံးအဆောင်များ ထားရှိခြင်း၊ သုံးစွဲပြီးအသုံးအဆောင်များ အား လုံခြုံစွာ စနစ်တကျစွန့်ပစ်ခြင်း။ ပုံမှန်အားဖြင့် ကျောင်းများနှင့် အများပြည်သူသုံး အမျိုးသမီးသန့်စင်ခန်းများတွင် အမျိုးသမီးငယ်များ ဓမ္မတာသန့်ရှင်းရေးအတွက် လုံခြုံစွာနှင့် စနစ်တကျအသုံးပြုနိုင်ရန် ပံ့ပိုး ပေးခြင်း။ |
| ဖွံ့ဖြိုးမှု မိတ်ဖက်များ | အလှူရှင်များ၊ ဖွံ့ဖြိုးမှုဘဏ်များနှင့် ဘက်စုံဖွံ့ဖြိုးမှု အဖွဲ့အစည်းများ။ |
| ပတ်ဝန်းကျင် ပြင်ပ၌ အပေါ့အလေးစွန့်ခြင်း (သို့မဟုတ်) တောထိုင်ခြင်း | မစင်များကို စနစ်တကျစွန့်ပစ်နိုင်ရန် စီမံထားသည့် အိမ်သာတွင် စွန့်ပစ် ခြင်းမှ လွဲ၍ အခြားနေရာများတွင်စွန့်ပစ်ခြင်း (လေနှင့်အကာ အကွယ်မဲ့ ထိတွေ့အောင် စွန့်ပစ်ခြင်း။ ချုံပုတ်များနောက်တွင် (သို့မဟုတ်) မြစ်ချောင်းအင်းအိုင်ထဲသို့ တိုက်ရိုက်စွန့်ပစ်ခြင်း။ ယင်ကောင် (သို့မဟုတ်) ရေနှင့် အကာအကွယ်မဲ့ဖြစ်နေသော အဖုံးမရှိသည့် တွင်းအိမ်သာများတွင် မစင်စွန့်ခြင်း)။ |
| တောထိုင်ဓလေ့ ကင်းစင်ခြင်း | ပတ်ဝန်းကျင်တွင် တောထိုင်ခြင်းမရှိသော အနေအထား။ |
| ကျယ်ပြန့်သော အစီအစဉ် At-scale program | လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့်ဆင့်ကို လွှမ်းခြုံထားသော အစီအစဉ်။ |
| စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ၏ လျာထားချက်များ | ၂၀၁၅ တွင် အတည်ပြုချမှတ်သည့် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက် မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ။ ဖွံ့ဖြိုးမှု လျာထားချက် ၁၅ ခုကို ၁၀၀% လွှမ်းခြုံ/လက်လှမ်းမီခြင်းရရှိရန် ရည်မှန်းသည်။ လျာထားချက် ၆ သည် ရေကောင်းရေသန့်ရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို လွှမ်းခြုံသည်။ လျာထားချက် ၆.၂ သည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကို လွှမ်းခြုံသည်။ “၂၀၃၀ ပြည့်နှစ်တွင် အားလုံးအတွက် လုံလောက်၍ |

သာတူညီမျှဖြစ်သော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး လက်လှမ်းမီခြင်းကို ပြည့်မီရန်နှင့် တောထိုင်ဓလေ့ကို အဆုံးသတ်ရန်။ အမျိုးသမီးများ၊ မိန်းကလေးများနှင့် ထိခိုက်လွယ်သော အခြေအနေများတွင် ရှိသောသူများ၏ လိုအပ်ချက်များကို အထူးဂရုပြုရန်။”

**ကျေးဇူးတင်လွှာ**

မြန်မာနိုင်ငံကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မူဝါဒကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဦးဆောင် ရေးဆွဲခဲ့ပါသည်။ မူဝါဒရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ သက်ခိုင်ဝင်းနှင့် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးမှ ဦးဆောင်ပြီး ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေး ဦးစီးဌာန၊ အခြားနီးနွယ်ဝန်ကြီးဌာနများမှ အခြေခံပညာဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန၊ စီမံကိန်း ရေးဆွဲရေးဦးစီးဌာန၊ ရသုံး မှန်းခြေ ငွေစာရင်း ဦးစီးဌာန၊ ဗဟိုစာရင်းအင်း အဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အဆောက်အအုံ ဦးစီးဌာန၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ မြန်မာ့မီးရထား၊ ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ် (ရန်ကုန်)၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ အခြေခံ ကျန်းမာရေး တက္ကသိုလ် (မကွေး) တို့နှင့် တကွ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့မှ ကျွမ်းကျင်သူများ ပါဝင်သည့် လုပ်ငန်းအဖွဲ့က ဦးဆောင် ညှိနှိုင်းပါသည်။ မူဝါဒရေးဆွဲမှု လုပ်ငန်းစဉ်အတွင်း ၎င်းတို့၏စဉ်ဆက်မပြတ် ဦးဆောင် လမ်းညွှန်မှုများအတွက် လုပ်ငန်းအဖွဲ့ဝင်များကို ကျေးဇူးတင်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ လုပ်ငန်းအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်များ အားလုံး နှင့် ရွေးချယ်ထားသော မြို့နယ်များမှကိုယ်စားလှယ်များသည် ကနဦးအဆင့်၊ မူကြမ်း ရေးဆွဲခြင်း အဆင့်၊ အတိုင်ပင်ခံအလုပ်ရုံ ဆွေးနွေးပွဲများတွင် ပါဝင်ပြီး မူဝါဒရေးဆွဲရေးအတွက် ကျယ်ကျယ်

ပြန့်ပြန့် ဖြည့်ဆည်းပေးခဲ့ပါသည်။ ဤအစည်းအဝေးများကို တက်ရောက်ပေးကြသော ကိုယ်စားလှယ်များအားလုံးနှင့် နောက်ကွယ်မှ ဖြည့်ဆည်းပေးကြသူများအားလုံးကို ကျေးဇူးတင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မူဝါဒရေးဆွဲပြုစုခြင်းတွင် အကြံပေးပုဂ္ဂိုလ်များ (ဒေါက်တာမင်းသန်းညွန့်နှင့် မစ္စတာအာဂျစ်ကူးမား)ကို ပံ့ပိုးပေးခြင်း အပါအဝင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အခြားဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း မူဝါဒမူကြမ်းများကို ကိုယ်တိုင်ဖြစ်စေ၊ အင်တာနက်မှဖြစ်စေ ပါဝင် ဖြည့်ဆည်းပေးခဲ့ကြပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဤမူဝါဒရေးဆွဲရေးတွင် ပါဝင်ဖြည့်ဆည်းပေးခဲ့ကြသော မိတ်ဖက်အဖွဲ့အစည်းများ အားလုံးကို ကျေးဇူးတင်ပါသည်။

**ရှေးဦးစကား**

ကျေးလက်ဒေသသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးမူဝါဒသည် မြန်မာနိုင်ငံအစိုးရ အနေဖြင့် ဥပဒေသများ၊ မဟာဗျူဟာမြောက် ချဉ်းကပ်မှုနည်းလမ်းများကို အသုံးပြု၍ ကျေးလက် ဒေသနေ ပြည်သူများအတွက် ကောင်းမွန်သောသန့်ရှင်းရေးဆိုင်ရာ အခွင့်အရေးကို ခံစားစေနိုင်သည့် အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသည့် သန့်ရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်ပြီး အဆင့်မြင့်သော ပတ်ဝန်းကျင်ကို ရရှိစေနိုင်ပါသည်။ ဤမူဝါဒ၏ ပန်းတိုင်သည် ကျန်းမာရေး၊ ဂုဏ်သိက္ခာ၊ လူမှုရေး ဆိုင်ရာ ကောင်းမွန်ခြင်းနှင့် အရည်အသွေးကောင်းမွန်သော ဘဝနေထိုင်မှုပုံစံတို့ကို ပိုမိုကောင်းမွန် စေရန် ဖြစ်ပါသည်။ ဤမူဝါဒသည် မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ပြောင်းလဲလိုသည့် အမျိုးသားရေး မျှော်မှန်းချက်အတွက် အစိုးရ၊ ပုဂ္ဂလိက၊ ရပ်ရွာနှင့် အိမ်ထောင်စုများစသည့် အရင်းအမြစ်များကို စည်းရုံးလှုံ့ဆော် ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

ဤမူဝါဒသည် သန့်ရှင်းရေးကဏ္ဍတွင် ပါဝင်ကြသော တာဝန်ယူဆောင်ရွက်သူများနှင့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် ၎င်းတို့၏တာဝန်ရှိမှုများကို ဖော်ပြထားပါသည်။ သန့်ရှင်းရေး ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာစေရန်နှင့် အထောက်အပံ့ဖြစ်စေသော ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်ရန်အတွက် အာမခံချက်ကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် အခြားဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဤမူဝါဒကို ပြုစုခဲ့ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးမူဝါဒ ၂၀၂၀ - ၂၀၃၀ ဖြစ်ပေါ်လာစေခြင်း အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအား နည်းပညာဆိုင်ရာ အထောက်အပံ့များ ပေးခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

နိဂုံးချုပ်အားဖြင့် ဤမူဝါဒသည် မြန်မာနိုင်ငံသားများကို ပိုမိုကောင်းမွန်သည့် သန့်ရှင်းရေးနှင့် သန့်ရှင်း၍ ကျန်းမာမှုနှင့် ပြည့်စုံသောပတ်ဝန်းကျင်ကို ခံစားခွင့်ရရှိစေမည်ဆိုသည့် အမျိုးသားရေး မျှော်မှန်းချက်ကို ဖြည့်ဆည်းနိုင်ရန် တက်ကြွစွာဆောင်ရွက်နေကြသော အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ နှစ်ခုစလုံးမှ အဖွဲ့အစည်းများအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ပေးနိုင်လိမ့်မည်ဟု မျှော်မှန်းပါသည်။ မူဝါဒ၏ ထိရောက်သော အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အောင်မြင်စေရန်အတွက် ကုန်ကျစရိတ် တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်များကို ဤမူဝါဒနှင့် အတူ ပြုစုထားပါသည်။

ပြည်ထောင်စုဝန်ကြီး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိဒါန်း**

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၊ ၂၀၁၈-၂၀၃၀ သည် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်၏ အစီအစဉ်နှင့်အညီ ချမှတ်ထားသော မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းချက် ဖြစ်ပါသည်။ ၎င်းသည် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအဆင့်တွင် တာဝန်ရှိသူများအားလုံးကို အလုံးစုံညှိနှိုင်းဆောင်ရွက်ခြင်း နှင့် ပူးပေါင်းဆောင်ရွက်ခြင်း မူဘောင်ကို ပေးနိုင်ရန် ရည်မှန်းပါသည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် မဏ္ဍိုင် ၃ ခုနှင့် ပန်းတိုင် ၅ ခု ပါဝင်ပါသည်။ ၎င်းတို့အနက် မဏ္ဍိုင် ၃ အောက်ရှိ ပန်းတိုင် ၅ ဖြစ်သည့် "နိုင်ငံ၏အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်"တွင် ပါဝင်သော မဟာဗျူဟာ ၅. ၃ တွင် " သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့စေမည့်နည်းလမ်းများဖြင့် လုံခြုံစိတ်ချ၍ သာတူညီမျှမှုရှိသော သောက်သုံးရေနှင့်ရေဆိုးစွန့်ပစ်စနစ်ရရှိရေး" ဟု ဖော်ပြထားပါသည်။ အဆိုပါ မဟာဗျူဟာသည် သန့်ရှင်း၍ လုံခြုံစိတ်ချရသော သောက်သုံးရေ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး စသည်တို့နှင့် အသက်ဆိုင်ဆုံးဖြစ်ပါသည်။ ဤမူဝါဒသည် မြန်မာနိုင်ငံ၏ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ရည်ရွယ်ချက်များ၊ လျာထားချက်များကို အောင်မြင်စေရန် သတ်မှတ်ပေးသော ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ဆီလျော်သက်ဆိုင်မှု ရှိပါသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ၊ ၂၀၃၀ ကို ကမ္ဘာ့ကုလသမဂ္ဂက ၂၀၁၅ တွင် ချမှတ်ခဲ့ပါသည်။ ၎င်းသည် ကမ္ဘာနှင့် ကမ္ဘာသူကမ္ဘာသားအားလုံး ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ယနေ့နှင့် အနာဂတ်တွင်ပါ ဆောင်ရွက်ရမည့်စီမံကိန်း ဖြစ်ပါသည်။ ၎င်းတွင် ပန်းတိုင် ၁၇ ခု ပါရှိပါသည်။ ပန်းတိုင် ၆ သည် "လူသားတိုင်းသန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သောစီမံခန့်ခွဲမှု ဖြစ်ပေါ်စေရေး" ဖြစ်ပါသည်[1]။ ပန်းတိုင် ၆.၂ ၌ " ၂၀၃၀ ခုနှစ်တွင် လုံလောက်၍ သာတူညီမျှမှုရှိသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အားလုံး လက်လှမ်းမီစေရေးနှင့် ပတ်ဝန်းကျင်ပြင်ပ၌ အပေါ့အလေးသွားသည့်အလေ့အထများ (သို့မဟုတ်) တောထိုင်ဓလေ့ကို အဆုံးသတ်ရန်၊ အမျိုးသမီးများ၊ မိန်းကလေးများနှင့် ထိခိုက်လွယ်သော အခြေအနေတွင် နေထိုင်ကြသူများကို အထူးအလေးထားရန်" ဟူသော ရည်ရွယ်ချက် ပါရှိပါသည်။

1 https://sustainabledevelopment.un.org/SDGs

## က. ကဏ္ဍ၏ မျှော်မှန်းချက်

### မျှော်မှန်းချက်၏ ရေးရှုရာလမ်းကြောင်း

> “သက္ကရာဇ် ၂၀၃၀ တွင် ကျေးလက်နေပြည်သူအားလုံးသည် ပြည်တွင်း၊ ပြည်ပတွင် ပိုမိုတောက်ပသော နိုင်ငံတော်၏ ပုံရိပ်ကို ဦးတည်၍ သန့်ရှင်းပြီး လုံခြုံစိတ်ချသော ပတ်ဝန်းကျင်၌ နေထိုင်ခြင်းကို စံပြုထိုက်သောဘဝနေနည်းအဖြစ် ကျင့်သုံးနိုင်ကြစေရန်”

၁။ မျှော်မှန်းချက်၏ မဟာဗျူဟာမြောက်ရည်ရွယ်ချက်များမှာ–

- မြို့ပြအနီးဝန်းကျင် )peri–urban (အပါအဝင် ကျေးလက်ဒေသများတွင် အမြဲတမ်းနေထိုင်သူများ၊ ကာလတို/ကာလရှည် ဧည့်သည်များ၊ ကာလတို ကာလရှည် ရွှေ့ပြောင်းနေထိုင်သူများ၊ တစ်ရက် သို့မဟုတ် ပိုမိုကြာမြင့်သော ကာလအတွင်း အလုပ်လာလုပ်သူများအားလုံး တောထိုင်ခလေ့ ကင်းစင်စေရန်
- ကျေးလက်ဒေသများရှိ လူအားလုံးသည် ၂၀၃၀ ခုနှစ်တွင် အခြေခံသန့်ရှင်းရေး ဝန်ဆောင်မှုလက်လှမ်းမီ ရရှိအသုံးပြုနိုင်ရေးနှင့် ဆပ်ပြာဖြင့် လက်ဆေးနိုင်ခြင်းကို မိမိနေအိမ်၊ စာသင်ကျောင်း၊ အလုပ်နေရာ၊ အများပြည်သူဆိုင်ရာနေရာများ၊ အန္တရာယ်ကျရောက်ချိန် (သို့မဟုတ်) အရေးပေါ် အခြေအနေများနှင့် အခြားလိုအပ်သောနေရာများ စသည်တို့တွင် နေရာမရွေး အချိန်မရွေး လက်လှမ်းမီရရှိရန် ၊ ၄င်းတို့သည်–
    - လုံခြုံစိတ်ချမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ လူမှုရေး၊ ယဉ်ကျေးမှုတို့နှင့် ကိုက်ညီပြီး သုံးစွဲနိုင်သော ကုန်ကျစရိတ်ဖြင့် ဂုဏ်သိက္ခာကို အာမခံချက်ပေးနိုင်သော အသုံးအဆောင်များဖြစ်ရန်
    - ကျန်းမာရေးဆိုင်ရာ အရေးပေါ်အချိန်များနှင့် နေ့ည အချိန်မရွေး လွယ်ကူစွာအသုံးပြုနိုင်ရန်
    - ကျန်းမာရေးနှင့် ညီညွတ်၍ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရန်
    - အိမ်သာနှင့်လက်ဆေးရန်နေရာ၊ အစားအသောက်စားသည့်နေရာနှင့် လက်ဆေးရန်နေရာများသည် နီးကပ်ပြီး အချိန်မရွေး လွယ်ကူစွာအသုံးပြုနိုင်ရန်

- အိမ်သာများ၏ အနည်းဆုံး ၇၀% သည် ၂၀၃၀ ခုနှစ်တွင် ကောင်းမွန်ပြီး လုံခြုံစိတ်ချသော သန့်ရှင်းရေး ဝန်ဆောင်မှုကို ပြည့်မီပြီး ကျန် ၃၀ % သည် ၂၀၃၅ ခုနှစ်တွင် ပြည့်မီရန်
- ထိခိုက်လွယ်မှု တစ်ခုခုရှိသူများ အပါအဝင် တစ်ဦးတစ်ယောက်မျှနောက်တွင် မကျန်စေရဘဲ ပြည်သူလူထုအားလုံးသည် တူညီသောခံစားခွင့်ဖြင့် တောထိုင်ဓလေ့ ကင်းစင်သည့် ပတ်ဝန်းကျင်နှင့် ပိုမိုကောင်းမွန်သော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင်များကို ရရှိရန်
- ကလေးမစင် အပါအဝင် မစင်အားလုံးကို အိမ်သာတွင် သို့မဟုတ် အခြား လုံခြုံစိတ်ချရသည့် နည်းလမ်းများဖြင့် စွန့်ပစ်ရန်
- တိရစ္ဆာန်အညစ်အကြေးများ အပါအဝင် အခြားအညစ်အကြေးများကိုလည်း လုံခြုံစိတ်ချရသည့် နည်းလမ်းများဖြင့် စွန့်ပစ်ရန်
- တောထိုင်ဓလေ့ ကင်းစင်ခြင်းနှင့် ကောင်းမွန်သန့်ရှင်းသော အိမ်သာများကို လက်လှမ်းမီမှုသည် ရပ်ရွာလူ့အဖွဲ့အစည်း၏စံ ဖြစ်လာပြီး ၎င်းစံအမူအကျင့်များသည် အနာဂါတ်အတွက် ရေရှည်တည်တံ့မှုကို အာမခံချက်ရှိရန်
- တောထိုင်ဓလေ့ကင်းစင်သော မြန်မာနိုင်ငံကျေးလက်ဒေသ မျှော်မှန်းချက် ၂၀၃၀ သည် တောထိုင်ဓလေ့ကင်းစင်သော မြန်မာနိုင်ငံဖြစ်ရန် ရည်ရွယ်ပါသည်။

၁။ ကောင်းမွန်သန့်ရှင်းသော အိမ်သာ လိုအပ်ခြင်း

၂။ ကောင်းမွန်သန့်ရှင်းသောအိမ်သာသည် ပြည်သူလူထု၏ ဘဝအရည်အသွေးနှင့် တိုင်းပြည်၏ ဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှု ရှိသည့်အတွက် ဖွံ့ဖြိုးမှု၏ အရေးကြီးသော လိုအပ်ချက်အဖြစ် သတ်မှတ်ကြပါသည်။ထို့ကြောင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များတွင် ပိုမိုကောင်းမွန်သောသန့်ရှင်းရေးကို ဦးစားပေး အကြောင်းအရင်းတစ်ရပ်အဖြစ် သတ်မှတ်ထားပါသည်။




၃။ ကောင်းမွန်သန့်ရှင်းသော အိမ်သာသည် ရေ၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ အားလုံးအကြားတွင် ဆုံမှတ်အဖြစ် တည်ရှိပါသည်။ ကောင်းမွန်သန့်ရှင်းသော အိမ်သာသည်

ကျန်းမာရေး၊ ပညာရေး၊ ကုန်ထုတ်စွမ်းအားစု၊ ကျား/မရေးရာ။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစသည့် ဖွံ့ဖြိုးမှုဆိုင်ရာညွှန်ကိန်း အများစုတို့အပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ နက်ရှိုင်းစွာ သက်ရောက်မှု ရှိသည်။ ခန္ဓာကိုယ်ရောဂါ ဖြစ်ပွါးမှုနှင့် သေဆုံးမှုတို့အပြင် ကလေးသူငယ်များ၏ သိမြင်မှတ်သားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင်လည်း သက်ရောက်မှု ရှိပါသည်။ ၎င်းတို့အပြင် အာရှနှင့် အာဖရိကရှိ ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် သန့်ရှင်းရေး မကောင်းသည့်အတွက် စုစုပေါင်း ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ဆုံးရှုံးမှုများရှိကြောင်း သိရပါသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်ခုအတွက် ထိုသက်ရောက်မှုများကို ကျော်ဖြတ်ရန် မလွယ်ကူပါ။ လူသားအရင်းအမြစ်သည် မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကာအကွယ်ပေးရမည့် နိုင်ငံ၏ အဖိုးတန်ပစ္စည်း ဖြစ်ပါသည်။

၄။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အများဆိုင်ပစ္စည်းအဖြစ် ယူဆသော သဘောတရား ရှိပါသည်။ အများဆိုင်ပစ္စည်း အယူအဆဆိုသည်မှာ အချို့အလေ့အကျင့်များကို လက်ခံခြင်း သို့မဟုတ် လက်မခံခြင်းသည် လူတစ်ဦး တစ်ယောက်တည်းကို သာမက လူ့အဖွဲ့အစည်း တစ်ရပ်လုံးကို အကျိုးသက်ရောက်စေခြင်း ဖြစ်ပါသည်။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်များကို လက်ခံခြင်း၊ လက်မခံခြင်းသည် အဖွဲ့အစည်းအတွင်းရှိ လူအားလုံးအပေါ် သက်ရောက်မှုရှိသည်။ အိမ်သာပြင်ပ၌ အပေါ့အလေးသွားခြင်း (သို့မဟုတ်) တောထိုင်ခြင်းသည် မိမိအနီးတွင် အတူနေထိုင်သူအားလုံး၏ ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှု ဖြစ်စေပါသည်။ ထို့ကြောင့် ကောင်းမွန်သန့်ရှင်းသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်များကို လူ့အဖွဲ့အစည်းအတွင်းရှိ လူအားလုံးက လက်ခံရန် လိုအပ်ပါသည်။ ဤအများဆိုင်ပစ္စည်း အယူအဆ ကြောင့်ပင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် အများနှင့်သက်ဆိုင်သော (အစိုးရ၊ မိတ်ဖက် ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းများ စသည်တို့၏) ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ပါသည်။

၅။ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာအခြေခံအချက်အလက် စစ်တမ်း၊ ၂၀၁၅-၂၀၁၆ တွင် ကောင်းမွန်သန့်ရှင်းသော အိမ်သာများရှိသည့် အိမ်ထောင်စု (၁၀.၄%) နှင့် ကောင်းမွန်သန့်ရှင်းသော အိမ်သာများမရှိသည့် အိမ်ထောင်စု (၁၀.၇%) အကြား ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည့် လူနာအရေအတွက်မှာ ကွာခြားခြင်းမရှိကြောင်း တွေ့ရှိရသည်။ ဤသို့ဖြစ်ရခြင်းမှာ ကောင်းမွန်သော အိမ်သာများရှိသည့် အိမ်ထောင်စုများသည် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားစေနိုင်သည့် ညစ်ညမ်းသောပတ်ဝန်းကျင်နှင့် ထိတွေ့နေရခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အိမ်ထောင်စုအားလုံးသည်

ကောင်းမွန်၍ လုံခြုံစိတ်ချသော သန့်ရှင်းရေး အလေ့အထကို ကျင့်သုံးသော သို့မဟုတ် ပတ်ဝန်းကျင် ပြင်ပ၌ အပေါ့အလေးသွားခြင်း ကင်းစင်သော နေရာဝန်းကျင် လိုအပ်ပါသည်။

၈။ **လက်ရှိအနေအထား** (ကောင်းမွန်သန့်ရှင်းသော အိမ်သာ)



(အခြေခံသန့်ရှင်းရေး ဝန်ဆောင်မှုများ – have to wait until the official report is launched)



**အိမ်သာများ လက်လှမ်းမီမှု**

၉။ ကျေးလက်ဒေသ သန့်ရှင်းရေးဆိုင်ရာ အခြေအနေများသည် အကြောင်းအချက်များစွာ အပေါ် မူတည်၍ ပြောင်းလဲလျက်ရှိသည်။ ၁၉၉၀ ခုနှစ် ပူးတွဲစောင့်ကြည့် စစ်ဆေးခြင်းအစီအစဉ်၏

အခြေခံ ကိန်းဂဏန်းများအရ မြန်မာနိုင်ငံ၏ သန့်ရှင်းရေးလွှမ်းခြုံမှုသည် ၁၉၉၀ ခုနှစ်တွင် ၂၄% ရှိပြီး ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီရန် ၄၇% လိုအပ်ပါသည် (ပူးတွဲစောင့်ကြည့်ရေး အစီအစဉ်၊ ၂၀၀၆)[2]။ အဆိုပါ အစီရင်ခံစာတွင် သန့်ရှင်းရေး လွှမ်းခြုံမှုသည် ၂၀၀၄ ခုနှစ်တွင် ၇၇% (ကျေးလက်ဒေသတွင် ၇၂%) ရှိကြောင်း ဖော်ပြထားသည်။ သို့ရာတွင် တစ်နိုင်ငံလုံးလွှမ်းခြုံမှု ကိန်းဂဏန်းသည် (က) စာရင်းဇယား ကောက်ခံခြင်း လုပ်ငန်း၏ အရည်အသွေး တိုးတက်လာခြင်း၊ (ခ) ကောင်းမွန်သန့်ရှင်းသော သန့်ရှင်းရေး၏ အဓိပ္ပါယ်ဖွင့်ဆိုချက် ပြောင်းလဲခြင်း၊ (ဂ) လူဦးရေ တိုးတက် လာခြင်းနှင့် (ဃ) သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းများ (အိမ်သာများ အရေအတွက် နည်းပါး လာခြင်း)နှင့် အမူအကျင့် (သုံးစွဲခြင်းလျော့နည်း/ပြောင်းလဲလာခြင်း)တို့ လျော့ကျလာခြင်းတို့ကြောင့် အတက်အကျ ရှိနေဆဲ ဖြစ်ပါသည်။ ပူးတွဲစောင့်ကြည့်စစ်ဆေးခြင်း အစီအစဉ် ၂၀၁၅[3] တွင် သန့်ရှင်းရေး လွှမ်းခြုံမှုကို ကျေးလက်ဒေသတွင် ၇၇% နှင့် တစ်နိုင်ငံလုံးတွင် ၈၀% ဟု စာရင်းပြုစု ထားပါသည်။ ပူးတွဲ စောင့်ကြည့်စစ်ဆေးခြင်း အစီအစဉ် ၂၀၁၇ အစီရင်ခံစာ[4]တွင် ၂၀၀၀ ပြည့်နှစ် အတွက် ကျေးလက်ဒေသ၏ အခြေခံသန့်ရှင်းရေး လွှမ်းခြုံမှု ၆၅%၊ အကန့်အသတ်ရှိသော သန့်ရှင်းရေး ဝန်ဆောင်မှု ၁၁%၊ ကောင်းမွန်သန့်ရှင်းမှု မရှိသော အိမ်သာ ၉%နှင့် တောထိုင်ဓလေ့ ၁၅% ဟုဖော်ပြထားပါသည်။ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သော မြန်မာနိုင်ငံ လူဦးရေနှင့် သန်းခေါင်စာရင်း[5] အချက်အလက်များအရ ကျေးလက်ဒေသ အိမ်ထောင်စုများ၏ ၆၇% သည် ကောင်းမွန်သန့်ရှင်းသော အိမ်သာသုံးစွဲကြပြီး၊ ၃၃% သည် ကောင်းမွန်သန့်ရှင်းမှု မရှိသော အိမ်သာများ သုံးစွဲကြကာ ၁၉% သည် အိမ်သာပြင်ပတွင် အပေါ့အလေးစွန့်ကြကြောင်း တွေ့ရှိရ ပါသည်။

၇။ ၂၀၁၅ ခုနှစ်တွင် စဉ်ဆက်အပြတ်ဖွံ့ဖြိုးမှုပန်းတိုင် ညွှန်ကိန်းအသစ်များကို ကမ္ဘာလုံးဆိုင်ရာ ကြီးမားသော ရည်မှန်းချက်စံနှုန်းနှင့်အညီ ဝန်ဆောင်မှုလှေကားထစ်များဖြင့် ချမှတ်ရေးဆွဲခဲ့သည်။ ရေရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဝန်ဆောင်မှုလှေကားထစ်တွင် သန့်ရှင်းပြီး လုံခြုံစိတ်ချသော သန့်ရှင်းရေးဝန်ဆောင်မှုများ၊ အခြေခံသန့်ရှင်းရေး ဝန်ဆောင်မှုများ၊ ကောင်းမွန် သန့်ရှင်းမှုမရှိသော အိမ်သာများနှင့် အိမ်သာပြင်ပတွင် အပေါ့အလေးစွန့်ခြင်းများပါဝင်သည်။ အသစ် ရေးဆွဲလိုက်သည့် ညွှန်ကိန်းများသည် မြန်မာနိုင်ငံ၏ သန့်ရှင်းရေးလွှမ်းခြုံမှု အခြေအနေအပေါ်

2 WHO and UNICEF, 2006, Meeting the MDG drinking water and sanitation targets: The Urban and Rural Challenge of the Decade,

3 https://washdata.org/sites/default/files/documents/reports/2017-06/JMP-2015-Report.pdf

4 Progress on drinking water, sanitation and hygiene: 2017 update and SDG baselines. Geneva: World Health Organization (WHO) and the United Nations Children's Fund (UNICEF), 2017. Licence: CC BY-NC-SA 3.0 IGO.

5 The 2014 Myanmar Housing and Population Union Report

သက်ရောက်မှုရှိသည့်အတွက် ၂၀၁၅ ခုနှစ်တွင် ကျေးလက်ဒေသ၏ အခြေခံသန့်ရှင်းရေး ဝန်ဆောင်မှုမှာ ၅၈.၇ %၊ ကောင်းမွန်သန့်ရှင်းမှု မရှိသော အိမ်သာ ၂၄.၅% နှင့် တောထိုင်ခလေ့ ၆.၉% အသီးသီး ရရှိသုံးစွဲကြသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေး ဆိုင်ရာစစ်တမ်း၊ ၂၀၁၅-၁၆[6] ၏ ကိန်းဂဏန်းများတွင် ကျေးလက်ဒေသ၏ ၄၂% (စုစုပေါင်း ၄၈%) သည် ကောင်းမွန် သန့်ရှင်းသော အိမ်သာကို အခြားအိမ်ထောင်စုများနှင့် မျှဝေ သုံးစွဲခြင်းမရှိဘဲ ၉.၂% သည် အခြား အိမ်ထောင်စုများနှင့် မျှဝေသုံးစွဲသည့်အပြင် ကောင်းမွန်သန့်ရှင်းမှု မရှိသော အိမ်သာ ၃၅% နှင့် တောထိုင်ခလေ့ ၁၄% ဟု ဖော်ပြထားပါသည်။ ၂၀၁၉ ခုနှစ်တွင် ကောက်ယူခဲ့သော မြန်မာနိုင်ငံ ကြားဖြတ်သန်းခေါင်စာရင်း အချက်အလက်များအရ အိမ်ထောင်စုများ၏ ၉၁.၄% (ကျေးလက်ဒေသ ၈၈.၉%)သည် ကောင်းမွန်သန့်ရှင်းသော အိမ်သာ၊ ၃.၇% (ကျေးလက်ဒေသ ၄.၆%)သည် ကောင်းမွန် သန့်ရှင်းမှုမရှိသော အိမ်သာများသုံးစွဲကြပြီး ၄.၉% (ကျေးလက်ဒေသ ၆.၅%) သည် ပတ်ဝန်းကျင် ပြင်ပတွင် အပေါ့အလေးစွန့်ကြကြောင်း တွေ့ရှိရပါသည်။ အိမ်ထောင်စုများ၏ ၈၀% (ကျေးလက် ဒေသ ၇၈.၅%) သည် အခြေခံသန့်ရှင်းရေး (အနိမ့်ဆုံး) ဝန်ဆောင်မှု (အိမ်သာများကို အခြားသော အိမ်ထောင်စုများနှင့် မျှဝေသုံးစွဲခြင်းမရှိဘဲ မိမိ၏အိမ်ဝိုင်း ပရဝုဏ် အတွင်းတွင် မိမိဘာသာ အသုံးပြု ကြခြင်း)၊ ၁၁.၉% (ကျေးလက်ဒေသ ၁၀.၅%)သည် အကန့် အသတ်ဖြင့်သာရှိသည့် သန့်ရှင်းရေး ဝန်ဆောင်မှု (အိမ်သာများအား အခြားသော အိမ်ထောင်စုများနှင့် မျှဝေသုံးစွဲခြင်း)၊ ၃.၆% (ကျေးလက် ဒေသ ၄.၄%)သည် ကောင်းမွန် သန့်ရှင်းမှုမရှိသော အိမ်သာများသုံးစွဲကြပြီး ၄.၉% (ကျေးလက်ဒေသ ၆.၅%) သည် ပတ်ဝန်းကျင် ပြင်ပတွင် အပေါ့အလေးစွန့်ကြကြောင်း တွေ့ရှိရပါသည်။

Comment [TS1]: Have to wait the official launch of 2019 intercensal survey

## တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လွှမ်းခြုံမှုလမ်းကြောင်း

၈။ ပြည်ထောင်စုပျမ်းမျှကိန်းဂဏန်းသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား ကွဲပြားသော ကိန်းဂဏန်းများ အားလုံးကို လွှမ်းခြုံပါသည်။ မြန်မာနိုင်ငံ ကြားဖြတ်သန်းခေါင်စာရင်း အချက်အလက်စစ်တမ်း၊ ၂၀၁၉ အရ ကျေးလက်ဒေသ၏ ကောင်းမွန်သန့်ရှင်းသောအိမ်သာ သန့်ရှင်းရေး လွှမ်းခြုံမှုသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ၅၅% မှ ၉၆% (ပျမ်းမျှ ၈၈.၉%) အကြား ကွဲပြားမှုရှိပါသည်။ ကောင်းမွန်ခြင်း မရှိသော အိမ်သာ သည် ၂.၄% မှ ၈% အတွင်း (ပျမ်းမျှ ၄.၆%)

6 Ministry of Health and Sports (MoHS) and ICF. 2017. Myanmar Demographic and Health Survey 2015-16. Nay Pyi Taw, Myanmar, and Rockville, Maryland USA: Ministry of Health and Sports and ICF.

နှင့် တောထိုင်ခြင်းသည် ၁% မှ ၃၇% အတွင်း (ပျမ်းမျှ ၆.၅%) ရှိပါသည်။ ကျေးလက်ဒေသ၏ အခြေခံသန့်ရှင်းရေး (အနိမ့်ဆုံး) ဝန်ဆောင်မှု လွှမ်းခြုံမှုသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ၄၉% မှ ၉၀% (ပျမ်းမျှ ၇၈.၅%) အကြား ကွဲပြားမှုရှိပါသည်။ အကန့်အသတ်ဖြင့်သာရှိသည့် သန့်ရှင်းရေး ဝန်ဆောင်မှု သည် ၄% မှ ၂၀% အတွင်း (ပျမ်းမျှ ၁၀.၅%)၊ ကောင်းမွန်ခြင်း မရှိသော အိမ်သာ သည် ၁.၄% မှ ၉.၆% အတွင်း (ပျမ်းမျှ ၄.၄%) နှင့် တောထိုင်ခြင်းသည် ၁% မှ ၃၇% အတွင်း (ပျမ်းမျှ ၆.၅%) ရှိပါသည်။ ဤကိန်းဂဏန်းများသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား မတူညီသော စိမ်ခေါ်မှုများ ရှိနေကြောင်း ညွှန်ပြနေပါသည်။ မူဝါဒများ၊ မဟာဗျူဟာများနှင့် အစီအစဉ်များသည် ထိုကျယ်ပြန့်သော မတူကွဲပြားမှုများကို ဖြည့်ဆည်းနိုင်ရန် လိုအပ်ပါသည်။

Comment [TS2]: Have to wait until the official report is launched.

**ကလေးမစင်များကို စွန့်ပစ်ခြင်း**




၉။ မြန်မာနိုင်ငံ ကျေးလက်ဒေသနေ အိမ်ထောင်စုများ၏ ၅၉% နှင့် မြို့ပြ၏ ၇၄% သည် ကလေးမစင်များကို ဘေးကင်း လုံခြုံစွာ စွန့်ပစ်ကြပါသည်[7]။ ရန်ကုန်တိုင်း ဒေသကြီး တွင် လုံခြုံစိတ်ချရသော ကလေးမစင် စွန့်ပစ်ခြင်းသည် ၇၆% ရှိပြီး ကရင်ပြည်နယ် တွင် ၄၉% ရှိပါသည်။ အမြင့်ဆုံး ငါးပုံစုမှာ ၇၆% ဖြစ်ပါသည်။

**ကျောင်းသန့်ရှင်းရေး**

၁၀။ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းအရေအတွက် စုစုပေါင်းမှာ ၅၀၅၃၅ ဖြစ်ပါသည်။ မူလတန်းဆင့်သင်ကျောင်း ၂၅၇၀၆ ၊ အလယ်တန်းဆင့်သင်ကျောင်း ၁၅၈၈၆၊ အထက်တန်းဆင့်သင်ကျောင်း ၆၁၇၀ ၊ ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်း ၁၂၆၄ နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၁၅၀၉ ရှိပါသည်။ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ၂၀၁၀ ခုနှစ်တွင် ပြုလုပ်သော စစ်တမ်းကောက်ယူမှုတွင် ကျောင်းအိမ်သာများ၏ ၆၅%သည် အသုံးပြု၍ ရပြီး အိမ်သာတစ်လုံးကို

7 Ministry of Health and Sports (MoHS) and ICF. 2017. Myanmar Demographic and Health Survey 2015-16. Nay Pyi Taw, Myanmar, and Rockville, Maryland USA: Ministry of Health and Sports and ICF.

ကျောင်းသားကျောင်းသူ ၆၉ ယောက်က သုံးစွဲကြကြောင်း တွေ့ရှိခဲ့ပါသည်။ ပူးတွဲစောင့်ကြည့်စစ်ဆေးခြင်းအစီအစဉ်၏ ကမ္ဘာလုံးဆိုင်ရာ ကျောင်းများရေရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အခြေခံအချက်အလက် အစီရင်ခံစာအရ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ကျောင်းများ၏ ရေရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ သတင်းအချက်အလက် များတွင် ရရှိသုံးစွဲမှုနှင့်ပတ်သက်သော အချက်အလက်သာ ပါဝင်ပြီး သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အချက်အလက်များ ပါဝင်မှုမရှိပါ။ https://washdata.org/sites/default/files/documents/reports/2018-11/JMP%20WASH%20in%20Schools-EN%20v5%20WEB%20Brochure.pdf

**ဆေးရုံဆေးခန်းများ သန့်ရှင်းရေး**

၁၁။ ကျေးလက်ဒေသရှိ ဆေးရုံဆေးခန်း စုစုပေါင်း အရေအတွက်မှာ မြို့နယ်အဆင့်အထိ ၁၁,၇၁၆ ဖြစ်ပါသည်။ ကုတင်၁၀၀ ဆေးရုံ (၄၀)၊ ကုတင်၅၀ ဆေးရုံ (၁၁၅)၊ ကုတင်၂၅ ဆေးရုံ (၁၅၀)၊ ကုတင် ၁၆ ဆေးရုံ (၉)၊ တိုက်နယ်ဆေးရုံ (၇၄၄)၊ ဆေးရုံစုစုပေါင်း (၁၀၅၈) နှင့် ~~တိုက်နယ်ကျန်းမာရေး ဌာန~~ (၄၁၆)၊ ကျေးလက်ကျန်းမာရေးဌာန (၁၄၉၄)၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၈၇၄၈)၊ ကျန်းမာရေးဌာနစုစုပေါင်း (၁၀၆၅၈) ရှိပါသည်[8]။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ အမျိုးသားအဆင့် ရေကောင်းရေသန့်ရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး မဟာဗျူဟာအရ မြို့မကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနများ၏ ၉၈%နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ များ၏ ၇၉% တွင် အိမ်သာများရှိကြောင်း တွေ့ရပါသည်။

**Comment [TS3]:** Please kindly update with 2020 data from DPH including maternal child centers and urban health centers

**ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီခြင်း**

၁၂။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့၏ ထောင်စုနှစ်ရည်မှန်းချက် ပန်းတိုင်များကို ပြည့်မီခြင်းအနေအထားကို အကဲဖြတ်သော ပူးတွဲစောင့်ကြည့်စစ်ဆေးခြင်းအစီအစဉ် (JMP) – ၂၀၁၅[9] က မြန်မာနိုင်ငံကို ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များကို "ပြည့်မီသည်"ဟု အဆင့်အတန်းသတ်မှတ်ခဲ့ပါသည်။ ထိုအစီရင်ခံစာတွင် ၁၉၉၀ ခုနှစ်၏ အခြေခံအချက်အလက်များကို ဖော်ပြထားခြင်းမရှိပါ။ (အဓိပ္ပါယ် ဖွင့်ဆိုချက်များ ပြောင်းသွားခြင်း သို့မဟုတ်

8 Ministry of Health and Sports (MoHS) July 2019.

9 https://washdata.org/sites/default/files/documents/reports/2017-06/JMP-2015-Report.pdf

အခြားအကြောင်းများကြောင့် ဖြစ်နိုင်ပါသည်။) သို့ရာတွင် ၁၉၉၀ ပြည့်နှစ်က ကျေးလက်ဒေသ၏ အိမ်သာရရှိသုံးစွဲခြင်း လွှမ်းခြုံမှုမှာ ၁၆% ရှိခဲ့ပြီး မြန်မာနိုင်ငံ ကျေးလက်ဒေသ သန့်ရှင်းရေးအတွက် ထောင်စုနှစ်ရည်မှန်းချက်မှာ ၅၈% ဖြစ်ပါသည်။ ဤအစီရင်ခံစာ၏ ဖော်ပြချက်အရ ကျေးလက်ဒေသ၏ သန့်ရှင်းရေး လွှမ်းခြုံမှုမှာ ၇၇% ရှိခဲ့ရာ ကျေးလက်ဒေသအတွက် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်မှာ ပြည့်မီခဲ့ပါသည်။

**သာတူညီမျှမှု – ဝင်ငွေ၊ ကျား/မရေးရာ၊ မသန်စွမ်းခြင်း၊ တိုင်းရင်းသားလူမျိုးစု**

၁၃။ အိမ်ထောင်စုတစ်ခု၏ ဝင်ငွေအနိမ့်အမြင့်နှင့် ၎င်းမိသားစု၏ သန့်ရှင်းရေး အဆင့်အတန်းတို့သည် အပြန်အလှန်ဆက်စပ်မှု ရှိကြသည်။ စီးပွားရေး/ဝင်ငွေအခြေအနေ အနိမ့်ဆုံး ငါးပုံစု (lowest quintile)မှ အိမ်ထောင်စုများတွင် အဆိုးရွားဆုံး သန့်ရှင်းရေး အကျိုးရလဒ် ရှိနေပြီး အပြန်အလှန် ရှိနေကြောင်းလည်း တွေ့ရသည်။ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အချက်အလက်စစ်တမ်း ၂၀၁၅-၁၆[10] တွင် စီးပွားရေး/ဝင်ငွေအခြေအနေ အနိမ့်ဆုံး ငါးပုံစု၏ ၈၅%နှင့် အမြင့်ဆုံး ငါးပုံစု (highest quintile) ၏ ၉၈% သည် လက်ဆေးခြင်း အလေ့အထရှိ ကြကြောင်း တွေ့ရသည်။ သို့ရာတွင် လက်ဆေးသူများအတွင်း အနိမ့်ဆုံး ငါးပုံစုတွင် ၆၇% နှင့် အမြင့်ဆုံး ငါးပုံစုတွင် ၉၈% သည် ဆပ်ပြာနှင့်ရေ ရရှိနိုင်ကြသည်။ အနိမ့်ဆုံး ငါးပုံစု၏ အိမ်ထောင်စုတွင် ၅၀%နှင့် အမြင့်ဆုံး ငါးပုံစုတွင် ၇၆%သည် ကလေးမစင်ကို ဘေးကင်းလုံခြုံသောနည်းလမ်းဖြင့် စွန့်ပစ်ကြသည်။ ဤအချက်များက အိမ်ထောင်စု၏ စီးပွါးရေးအဆင့်အတန်းသည် သန့်ရှင်းရေးနှင့် လက်ဆေးခြင်းတို့အပေါ် လွှမ်းမိုးမှု ရှိကြောင်း ညွှန်ပြနေသည်။

၁၄။ အမျိုးသားနှင့် အမျိုးသမီးတို့အကြား မညီမျှမှုများအတွက် အိမ်ထောင်စုအဆင့်တွင် အိမ်သာကို အတူသုံးသည်ဖြစ်စေ၊ အတူမသုံးသည်ဖြစ်စေ အရေးမကြီးပါ။ အိမ်သာမရှိသော အိမ်များတွင်မူ အမျိုးသမီးများသည် တောထိုင်ရန်အတွက် ပိုမိုခက်ခဲပါသည်။ ထို့အပြင် အိမ်သာရှိသော အိမ်များတွင် အမျိုးသမီးများသည် အိမ်သာသုံးရေခပ်ခြင်းနှင့် အိမ်သာကို သန့်ရှင်းရေးပြုလုပ်ခြင်းတို့အတွက် တာဝန်အပိုရှိကြပါသည်။ မိန်းကလေးများသည် ကျောင်းတွင် အခက်အခဲရှိနိုင်ကြသည်။ အထူးသဖြင့် အလယ်တန်းကျောင်း အဆင့်တွင် ဓမ္မတာလာချိန် အသုံးအဆောင်များ မရှိသည့်အခါ လဲလှယ်ရန်ပစ္စည်းနှင့် လုံခြုံသောနေရာ မရှိခြင်းနှင့် စွန့်ပစ်ရန် နေရာသီးသန့်မရှိခြင်းတို့သည် စိတ်မသက်သာမှုကို ကြီးမားစွာဖြစ်စေပြီး ယာယီ ကျောင်းတက်ရန်ပျက်ကွက်ခြင်းမှ ကျောင်းမတက်

[10] https://washdata.org/sites/default/files/documents/reports/2017-06/JMP-2015-Report.pdf

နိုင်ခြင်း ကျောင်းထွက်သည်အထိ ဖြစ်စေနိုင်ပါသည်။ ယခုအချိန်တွင် ကျား/မ ပညာသင်ယူမှု ညွှန်ကိန်းသည် အလယ်တန်းအဆင့်အတွက် ၁.၀၇ ရှိသဖြင့် (လူနေမှု ဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အချက်အလက် စစ်တမ်း ၂၀၁၅-၁၆) အလယ်တန်းအဆင့်တွင် မိန်းကလေးဦးရေသည် ယောက်ကျားလေး ဦးရေထက် ပိုမို ကျောင်းတက်ကြောင်း စိတ်သက်သာရာရဖွယ် တွေ့ရပါသည်။ (သို့သော် ရခိုင်ပြည်နယ်တွင် ကျား/မ ပညာသင်ယူမှု ညွှန်ကိန်းသည် ၀.၈၂ သာရှိပါသည်။ ကျား/မ ပညာသင်ယူမှု ညွှန်ကိန်း၏ အောက်ဆုံး ငါးပုံစုသည် ၀.၉၆ ဖြစ်ပါသည်။)

၁၅။ ကျေးလက်ဒေသလူဦးရေ၏ ၂.၁ % သည် ရွေ့ရှားသွားလာရန် ခက်ခဲသော မသန်စွမ်းမှုများ ရှိကြပါသည် (၂၀၁၄ လူဦးရေ သန်းခေါင်စာရင်း) ။ အချို့ပြည်နယ်များတွင် ၃% အထက်ရှိကြသည်။ လျှောလမ်း မရှိသော/နိမ့်သော၊ လက်ကိုင်များမရှိသော အိမ်သာများနှင့် ကောင်းမွန်စွာ ဆောက်လုပ်ထားခြင်းမရှိသော အိမ်သာများသည် မသန်စွမ်းသူများအတွက် အထူးသဖြင့် သွားလာရန် ခက်ခဲသော ပြဿနာရှိသူများကို အတားအဆီး ဖြစ်စေပါသည်။

၁၆။ မြန်မာနိုင်ငံကို မတူကွဲပြားသည့် တိုင်းရင်းသား လူမျိုးစုများဖြင့် ဖွဲ့စည်းထားပြီး အချင်းချင်း လေးစား၍ သဟဇာတဖြစ်စွာ နေထိုင်ကြပါသည်။ တိုင်းရင်းသားလူမျိုးစုအားလုံး၏ လူထုနှင့် ရပ်ရွာများသည် ဤမူဝါဒအောက်တွင် ညီတူညီမျှ အကျိုးသက်ရောက်မှု ရှိရပါမည်။ တိုင်းရင်းသား လူမျိုးစုများအားလုံးတွင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များအား လက်လှမ်းမီမှုကို တိုးမြှင့်ပေးရပါမည်။

**အဖွဲ့အစည်း၏တာဝန်များ**

၁၇။ မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဗဟိုမှ အာဏာကို အောက်ခြေအဆင့်ဆင့်သို့ ခွဲဝေသောစနစ်ရှိပါသည်။ ပြည်ထောင်စုအစိုးရကို ပြည်နယ် ၇ ခုနှင့် တိုင်းဒေသကြီး ၇ ခု တို့၏ အစိုးရအဖွဲ့များက ဝန်းရံ ဖြည့်စွက်ပေးထားကြသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များကို ခရိုင်နှင့် မြို့နယ်များအဖြစ် ခွဲခြားထားသည်။ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများကို စုစည်းထားသော ကျေးရွာအုပ်စုများကို မြို့နယ်အဖြစ် ဖွဲ့စည်းသည်။ အခြေခံဥပဒေအရ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတို့တွင် ရွေးကောက်ခံဥပဒေပြုအဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ ဦးဆောင်သော အစိုးရအဖွဲ့များနှင့် အုပ်ချုပ်ရေးဌာနများ ရှိကြပါသည်။

၁၈။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးတို့အတွက် တာဝန်ခံသော ဝန်ကြီးဌာန ဖြစ်ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ဗဟိုအဆင့် ဦးစီးဌာနများမှ အောက်ခြေတွင် မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများအထိ ကျန်းမာရေးဌာနများကို အဆင့်ဆင့် ဖွဲ့စည်းထားပါသည်။ (အောက်ဖေါ်ပြပါ ဖွဲ့စည်းပုံဇယားကို ကြည့်ပါ။)




## ငွေကြေးသုံးစွဲမှု

၁၉။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကဏ္ဍတွင် နည်းပညာပံ့ပိုးမှုနှင့် ပစ္စည်းထောက်ပံ့မှု များဖြင့် ဝင်ရောက်ဆောင်ရွက်ရန်အတွက် ငွေကြေးလိုအပ်ပါသည်။ ငွေကြေးရရှိနိုင်သော နေရာများမှာ ကွဲပြားပါသည်။ အိမ်ထောင်စုများသည် မိမိတို့ကိုယ်တိုင်ဖြစ်စေ၊ အစိုးရဘဏ္ဍာငွေဖြင့် ဖြစ်စေ၊ အလှူရှင်များ အထောက်အပံ့ဖြင့်ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍမှဖြစ်စေ စသည်ဖြင့် ရရှိနိုင်ပါသည်။ အိမ်ထောင်စုများသည် ယေဘုယျအားဖြင့်၎င်းတို့၏ အိမ်သာများအတွက် ငွေကြေးကျခံရပါမည်။ အဖွဲ့အစည်းများ (ကျောင်း၊ ဆေးရုံ၊ ဆေးခန်း)၏ သန့်ရှင်းရေးကိစ္စများကို သက်ဆိုင်ရာ အစိုးရဝန်ကြီး ဌာနများ၏ ဘဏ္ဍာငွေမှ ကျခံရပါမည်။ ကဏ္ဍတစ်ခုလုံး၏ နည်းပညာအထောက်အပံ့များအတွက် အများပိုင် ငွေကြေးများမှ အကုန်အကျခံရန် ဖြစ်ပါသည်။

၂၀။ ကျေးလက်ဒေသများ၊ ကျောင်းများနှင့် ဆေးရုံဆေးပေးခန်းများ ရေရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာ (၂၀၁၆) တွင် သန့်ရှင်းရေးဆိုင်ရာ ကွာဟချက်များကို

လုပ်ဆောင်နိုင်ရန် ၂၀၃၀ ပြည့်နှစ်အထိ အမေရိကန် ဒေါ်လာသန်း ၈၀ လိုအပ်မည်ဟု ခန့်မှန်းခဲ့ပါသည်။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့အတွက် နေရာဒေသအလိုက် ငွေကြေးသုံးစွဲမှုဆိုင်ရာ ခိုင်မာသော သတင်းအချက်အလက်များ မရှိခဲ့သည့်အတွက် ခန့်မှန်းချက်များအပေါ် အခြေပြုတွက်ချက်ခဲ့ပါသည်။

**စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း**

၂၁။ ယခုအချိန်တွင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အခြေခံ အဆောက်အဦများနှင့် အမူအကျင့်များကို အိမ်ထောင်စုသန့်ရှင်းရေးအတွက် ကျန်းမာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် HMIS ဖြင့်၎င်း၊ ကျောင်းသန့်ရှင်းရေးအတွက် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် EMIS ဖြင့်၎င်း စောင့်ကြပ် ကြည့်ရှုလျက် ရှိပါသည်။

**သန့်ရှင်းရေးလွှမ်းခြုံမှု၏ လက်ရှိတိုးတက်နှုန်း**

၂၂။ လက်ရှိ သန့်ရှင်းရေးလွှမ်းခြုံမှု တိုးတက်နှုန်းသည် ကျေးလက်ဒေသ သန့်ရှင်းရေးအတွက် သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များကို ၁၀၀% လွှမ်းခြုံပြည့်မီနိုင်ခြင်း မရှိသည်ကို ဆိုလိုပါသည် (တောထိုင်ဓလေ့ ကင်းစင်ခြင်းနှင့် ကောင်းမွန်သန့်ရှင်းမှုမရှိသော အိမ်သာသုံးစွဲမှု မရှိခြင်းတို့ အပါအဝင်)။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များကို သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီရန်အတွက် တိုးတက်နှုန်းကို ထပ်ညွှန်ကိန်းအသွင် လျှင်မြန်စွာ မြှင့်တင်ရန် လိုအပ်ပါသည်။

**ဃ။ သက်ရောက်မှုများ**

၂၃။ ကောင်းမွန်သန့်ရှင်းမှု မရှိသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်တို့သည် ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးတို့အပေါ်တွင် တိုက်ရိုက် အကျိုးသက်ရောက်ပါသည်။ ကောင်းမွန်သန့်ရှင်းမှု မရှိသော သန့်ရှင်းရေးသည် သဘာဝပတ်ဝန်းကျင်ကို အထူးသဖြင့် ရေထုကို ညစ်ညမ်းစေပြီး လူသားများကို ရေမှတစ်ဆင့် ကူးစက်သောရောဂါများနှင့် လေမှတစ်ဆင့် ကူးစက်သော ရောဂါများကို ဖြစ်စေပါသည်။ လူနေမှု ဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အချက်အလက် စစ်တမ်း၊ ၂၀၁၅-၁၆[11] တွင် အသက် ၅နှစ်အောက် ကလေးများ၏ ဝမ်းလျှော

11 Ministry of Health and Sports (MoHS) and ICF. 2017. Myanmar Demographic and Health Survey 2015-16. Nay Pyi Taw, Myanmar, and Rockville, Maryland USA: Ministry of Health and Sports and ICF.

ဝမ်းပျက်ရောဂါ ဖြစ်ပွားနှုန်းကို ၁၀% ဟု မှတ်တမ်းတင်ခဲ့ပါသည်။ ဝမ်းလျှောဝမ်းပျက်ရောဂါ ဖြစ်ပွားနှုန်းတွင် ချင်းပြည်နယ်က ၂၄ % နှင့် ကချင် ပြည်နယ်က ၂၀ % တို့ဖြင့် အမြင့်ဆုံး ဖြစ်ခဲ့သည်။ ဝမ်းလျှောဝမ်းပျက်ရောဂါ ဖြစ်ပွားနှုန်းသည် စီးပွားရေး/ဝင်ငွေအခြေအနေ အနိမ့်ဆုံး ငါးပုံစု (lowest quintile) တွင် ၁၂% ဖြစ်ပြီး အမြင့်ဆုံး ငါးပုံစု (highest quintile) တွင် ၇ % ဖြစ်ပါသည်။ ကမ္ဘာ တစ်ဝန်းတွင် ကလေးသူငယ် လူဦးရေ ၄၈၀,၀၀၀ သည် ကောင်းမွန်သန့်ရှင်းမှု မရှိသော သန့်ရှင်းရေး၏ သားကောင်များ ဖြစ်ကြပြီး မြန်မာနိုင်ငံတွင် နှစ်စဉ် ကလေးသူငယ် ၄,၀၀၀ ခန့်သည် ကောင်းမွန်မှု မရှိသော သန့်ရှင်းရေးကို အကြောင်းပြု၍ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းကြောင့် သေဆုံးခြင်း ဖြစ်နိုင်သည်ဟု မျှော်မှန်းထားပါသည်။

၂၄။ ဝမ်းပျက်ဝမ်းလျှောရောဂါသည် အသက် ၅ နှစ်အောက် ကလေးများ၏ စတုတ္ထအဆိုးဆုံး သေဆုံးရခြင်း အကြောင်းရင်းဖြစ်သည်ဟု လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက် အလက်စစ်တမ်း ၂၀၁၅-၂၀၁၆ က အစီရင်ခံခဲ့ပါသည်။ ဝမ်ပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနှုန်းသည် ကောင်းမွန်သန့်ရှင်းသော သောက်သုံးရေရရှိသည့် အိမ်ထောင်စုများ (၉.၉%) နှင့် မရရှိသည့် အိမ်ထောင်စုများ (၁၂.၆%) အကြားတွင် ကွာခြားမှုရှိပါသည်။ သို့ရာတွင် ပိုမိုကောင်းမွန်သော အိမ်သာနှင့် အသုံးအဆောင်ရှိသည့် အိမ်ထောင်စုများ (၁၀.၄%) နှင့် မရှိသည့် အိမ်ထောင်စုများ (၁၀.၇%) အကြား အလွန်သေးငယ်သော ကွာခြားမှုသာ ရှိပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့သည် အများနှင့်သက်ဆိုင်သောအရာ ဖြစ်သောကြောင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအသုံးအဆောင်များ ရှိခြင်း/မရှိခြင်းနှင့် သက်ဆိုင်မှုမရှိဘဲ လူအားလုံးသည် မသန့်ရှင်းသော ပတ်ဝန်းကျင်၏ ဆိုးကျိုးများကိုခံစားရမည့်သူများ ဖြစ်လာနိုင်ပါသည်။

၂၅။ မွေးကင်းစကလေး သေနှုန်းသည် ကလေး ၁၀၀၀ လျှင် ၄၀ နှင့် အသက် ၅ နှစ်အောက် ကလေးသေနှုန်းသည် ၁၀၀၀ လျှင် ၅၀ ရှိပါသည်[12]။ သို့ရာတွင် လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း ၂၀၁၅-၂၀၁၆ အရ ကျေးလက်ဒေသတွင် မွေးကင်းစကလေး သေနှုန်းသည် ကလေး ၁၀၀၀ လျှင် ၈၀ ဖြစ်ပြီး မြို့ပြ၏ နှစ်ဆ ရှိပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များအကြား ဝင်ငွေအုပ်စုများအကြား၌လည်း ကွာခြားမှုများ ရှိပါသည်။ အသက် ၅ နှစ်အောက် ကလေးသေနှုန်းသည် ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အမြင့်မားဆုံး ဖြစ်ပါသည်။ စီးပွားရေး/ဝင်ငွေအခြေအနေ အနိမ့်ဆုံး ငါးပုံစုသည် ၁၀၀၀ တွင် ၉၉ ဖြစ်ပြီး အမြင့်ဆုံး ငါးပုံစုသည်

12 Ministry of Health and Sports (MoHS) and ICF. 2017. Myanmar Demographic and Health Survey 2015-16. Nay Pyi Taw, Myanmar, and Rockville, Maryland USA: Ministry of Health and Sports and ICF.

၁၀၀၀ တွင် ၂၆ ဖြစ်ပါသည်။ မိန်းကလေးများသည် (အရှင်မွေး ၁၀၀၀ တွင် ၄၆) ယောကျ်ားကလေးများ (အရှင်မွေး ၁၀၀၀ တွင် ၅၅.၄) ထက် ပထမ ၅ နှစ်တွင် အသက်ရှင်ရန် အခွင့်အလမ်း ပိုကောင်းပါသည်[13]။

### ပုညှက်ခြင်း

၂၆။ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း ၂၀၁၅-၂၀၁၆ အရ အလွန်အမင်း ပုညှက်နှုန်းမှာ ၂၁% နှင့် အလယ်အလတ် ပုညှက်နှုန်း မှာ ၈% ဖြစ်ပါသည်။ ဤကိန်းဂဏန်းသည် ကျေးလက်ဒေသအတွက် ၃၂% ဖြစ်ပြီး မြို့ပြအတွက် ၂၀% ဖြစ်ပါသည်။ ချင်းပြည်နယ်သည် ၄၁% ဖြင့် ပုညှက်နှုန်း အမြင့်ဆုံးဖြစ်ပါသည်။

### ရောဂါဖြစ်ပွါးခြင်း၊ မသန်စွမ်းမှု ညှိနှိုင်းပြီး အသက်နှစ်များ (DALYs)

၂၇။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် သက်တမ်း ၇၀ နှစ်အထိ၊ အမျိုးသားများသည် ၆၄ နှစ် ဝန်းကျင်အသက်ရှင်ရန်နှင့် အမျိုးသား (သို့မဟုတ်) အမျိုးသမီးသည် ၆၇ နှစ်ဝန်ကျင်း အသက်ရှင်ရန် မျှော်မှန်း သက်တမ်း ဖြစ်ပါသည်။[14]

၂၈။ ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ မသန်စွမ်းမှုညှိနှိုင်းပြီးအသက်နှစ်များ DALYs ဆုံးရှုံးမှု၏ အဓိက အကြောင်းရင်း ၃ ခုတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ပါဝင်ပါသည်[15]။

၂၉။ ထို့အပြင် ကောင်းမွန်ခြင်းမရှိသော သန့်ရှင်းရေးသည် စီးပွါးရေးအပေါ် သက်ရောက်မှုရှိပြီး ရောဂါများကို ဖြစ်ပွါးစေပါသည်။ နိုင်ငံများစွာတွင် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး၏ ၁.၄% မှ ၆.၁% သည် ကောင်းမွန်ခြင်းမရှိသော သန့်ရှင်းရေး၏ ဆိုးကျိုးသက်ရောက်မှုကြောင့် ဆုံးရှုံးရပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၆ တွင် ကျန်းမာရေး အသုံးစရိတ်တွင် ပုဂ္ဂလိက အသုံးစရိတ် အများဆုံး ပါဝင်လျက် လူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀ သုံးစွဲခဲ့သည်။ (ပုဂ္ဂလိက အသုံးစရိတ် ၄၂ ဒေါ်လာ၊ အစိုးရ အသုံးစရိတ် ၁၂ ဒေါ်လာ၊ ဖွံ့ဖြိုးမှု အထောက်အပံ့ ၅ ဒေါ်လာ)[16]။

## င။ စိန်ခေါ်မှုများ

13 https://www.indexmundi.com/facts/Myanmar/mortality-rate

14 The 2014 Myanmar Housing and Population Union Report

15 https://www.healthdata.org/sites/default/files/files/country_profiles/GBD/ihme_gbd_country_report_Myanmar.pdf

16 http://www.healthdata.org/Myanmar

၃၀။ ကောင်းမွန်သန့်ရှင်းမှုမရှိသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအပေါ် ဦးစားပေး လုပ်ဆောင်မည်ဆိုပါက စိန်ခေါ်မှုအချို့ကို ရင်ဆိုင်ရမည်ဖြစ်ပါသည်။ ရေရှိခြင်း (သို့မဟုတ်) ရေမရှိခြင်းသည် ထိုစိန်ခေါ်မှုများအနက် တစ်ခုဖြစ်ပါသည်။ ရေရှားပါးခြင်း သို့မဟုတ် ရေပေါများခြင်း၊ မိုးခေါင်ရေရှားခြင်း (သို့မဟုတ်) ရေကြီးရေလျှံခြင်းကဲ့သို့ အခြေအနေများသည် တစ်ကိုယ်ရေ သန့်ရှင်းရေးအပေါ် ထိရောက်စွာ အကျိုးသက်ရောက်မှုရှိကြောင်း ပိုမိုသိရှိလာကြပါသည်။ ရေမရှိခြင်း သည် အိမ်သာတက်ပြီးနောက် (သို့မဟုတ်) အစာမစားမီ လက်ဆေးခြင်းတို့ကဲ့သို့ ကိုယ်ခန္ဓာကို ထိရောက်စွာ သန့်ရှင်းရန်နှင့် အိမ်သာများကို သန့်ရှင်းစွာ ထိန်းသိမ်းရန်တို့အပေါ် သက်ရောက်မှု ရှိသကဲ့သို့ ရေကြီးရေလျှံမှုဖြစ်ပွားပြီး အိမ်သာတွင်း/ကျင်းထဲသို့ ရေဝင်ပါက မိလ္လာများ ပြန်ထွက် လာပြီး ပတ်ဝန်းကျင်ကို ညစ်ညမ်းစေပါသည်။

၃၁။ ရာသီဥတုပြောင်းလဲခြင်းကြောင့် မိုးခေါင်ရေရှားခြင်း သို့မဟုတ် ရေကြီးရေလျှံခြင်း ဖြစ်ပွား နှုန်း မြင့်တက်လာခြင်းသည် အချိန်မီဦးစားပေး လုပ်ဆောင်ရမည့် အဓိကစိန်ခေါ်မှုတစ်ခု ဖြစ်ပါသည်။ ကောင်းမွန်မှုမရှိသောသန့်ရှင်းရေးဖြစ်စဉ်တို့ များပြားလာခြင်းသည် တစ်ဦးချင်း၏ ကျန်းမာရေးအပေါ် သက်ရောက်မှုရှိသကဲ့သို့ ထိုကိစ္စရပ်အားလုံးတို့သည်လည်း ပြည်သူ့ကျန်းမာရေးအပေါ် သက်ရောက်မှု ရှိပါသည်။ ပြည်သူလူထုအနေဖြင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးအောင် ပြုလုပ်နိုင်စွမ်းမရှိသည့် အတွက် ရာသီဥတုပြောင်းလဲမှုနှင့် ဆီလျော်အောင်ပြုလုပ်နိုင်မည့် မဟာဗျူဟာများကို ရပ်ရွာ၊ မြို့နယ် နှင့် ခရိုင်အဆင့်တို့တွင် ကျယ်ပြန့်စွာ နေရာတကျ ချိတ်ဆက်ဆောင်ရွက်ထားရန် လိုအပ်ပါသည်။

၃၂။ ရပ်ရွာလူထုများအကြား ပြောင်းလဲခြင်းကိုလှုံ့ဆော်ရန်နှင့် ခရိုင်/မြို့နယ်အဆင့်တွင် အကြီးစား လူထုလှုပ်ရှားမှုများကို အစီအစဉ်ရေးဆွဲ ရန်အတွက် စီမံခန့်ခွဲပြီး စောင့်ကြည့်စစ်ဆေး နိုင်သော အရည်အသွေးရှိသည့် လူသားအရင်းအမြစ် အလုံအလောက်မရှိခြင်းသည် တိုင်းဒေသကြီး/ ပြည်နယ်များ၊ အထူးသဖြင့် ဝေးလံခက်ခဲသောဒေသများတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုတစ်ခု ဖြစ်ပါသည်။

၃၃။ ယခင်က ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း အမျိုးမျိုးမှ သန့်ရှင်းရေးဆိုင်ရာပစ္စည်းများ အထောက် အပံ့ရရှိခြင်း (အချို့ကိစ္စများတွင် ဆက်လက်ရရှိနေခြင်း) သည် လူထုအကြား ထိုပစ္စည်းများ ဆက်လက်ရရှိမည် ဟူသော မျှော်လင့်ချက်ကို မြင့်မားစေပါသည်။

အရင်းအမြစ်များမရှိခဲ့လျှင် ထိုကဲ့သို့ အထောက်အပံ့ မရရှိခြင်းသည် လူထုအကြား စိတ်အားထက်သန်မှုကို လျော့ပါးစေပါသည်။

၃၄။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အာရုံစိုက်ဆောင်ရွက်ရန်အတွက် ရရှိနိုင်မည့် ငွေကြေးဆိုင်ရာ အရင်းအမြစ်များသည် နောက်ထပ်အဓိကစိန်ခေါ်မှုဖြစ်ပါသည်။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အပြုအမူများကို မြှင့်တင်ခြင်း၊ အိမ်သာများ ဆောက်လုပ်ခြင်း၊ အိမ်သာများ အသုံးပြုခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းတို့အတွက် ငွေကြေး လိုအပ်ပါသည်။ အဓိက အားဖြင့် အိမ်ထောင်စုများက မိမိတို့ဘာသာကျခံရန်နှင့် အစိုးရဘဏ္ဍာငွေ၊ ပြည်တွင်း/ပြည်ပ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍ (ကုမ္ပဏီ/လူမှုအကျိုးပြုလုပ်ငန်း) ရန်ပုံငွေများမှ လည်း ကျခံရန်လိုအပ်ပါသည်။ လိုအပ်ချက်ပမာဏသည် ၎င်းအရင်းအမြစ်များ၏ လုပ်ဆောင် နိုင်စွမ်းထက် ကျော်လွန်နိုင်ပါသည်။

၃၅။ ဆက်သွယ်နိုင်မှု အခက်အခဲများအပြင် သုံးစွဲသူများအထိ ပစ္စည်းများ ရောက်ရှိရန် လမ်းကြောင်းတစ်လျှောက် အရင်းအမြစ်များ ရရှိနိုင်ခြင်းသည် ဝန်ဆောင်မှုပေးခြင်းအပေါ်တွင် သက်ရောက်မှု ရှိပါသည်။ အပြုအမူပြောင်းလဲခြင်း ချဉ်းကပ်မှုနည်းလမ်းသည် ရပ်ရွာလူထုထံသို့ မကြာခဏ ရောက်ရှိပေးနိုင်ရန် လိုအပ်သောကြောင့် မလွယ်ကူသော သို့မဟုတ် ဈေးကြီးသော သယ်ယူပို့ဆောင်ရေးစနစ်ရှိသည့် ဝေးလံခက်ခဲသော နေရာများတွင် စိန်ခေါ်မှုတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် လူထုကို လှုံ့ဆော်ကူညီခြင်းသည် စိန်ခေါ်မှု တစ်ခုဖြစ်ပါသည်။

## **စ။ ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးမူဝါဒရှိသင့်သည့် အကြောင်းရင်း**

၃၆။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသည် အဆုံးမဲ့ လစ်လျူရှုခံရသော ကဏ္ဍ ဖြစ်ပါသည်။ ၎င်းသည် ခွဲခြားဆက်ဆံမှုကို ရင်ဆိုင်ရပြီး ဖွံ့ဖြိုးမှုကဏ္ဍ၏ အနိမ့်ဆုံးအဆင့်တွင် နေရာပေးခံရပါသည်။ တစ်ခါတစ်ရံ ၎င်းကို ကျန်းမာရေးနှင့်သော်လည်းကောင်း၊ သို့မဟုတ် သဘာဝ ပတ်ဝန်းကျင်နှင့် သော်လည်းကောင်း တွဲဖက်ခြင်း ခံရပါသည်။ မည်သည့်အခါတွင်မှ ၎င်းနှင့် ထိုက်တန်သော သီးခြားအဆင့်အတန်းတစ်ခုကို မရရှိခဲ့ပါ။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ကဏ္ဍအတွက် ရှင်းလင်းသော မူဝါဒတစ်ရပ်ရှိပါက ဤဦးတည်လမ်းကြောင်းကို ပြောင်းပြန် ဖြစ်အောင် ပြောင်းလဲနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။ ထို့ကြောင့် ဤမူဝါဒသည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကဏ္ဍကို အောက်ပါနည်းလမ်းများဖြင့် အကူအညီပေးနိုင်မည် ဖြစ်ပါသည်။

- **ဦးစားပေးသတ်မှတ်ခြင်း။** မူဝါဒသည် သန့်ရှင်းရေးကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တို့တွင် ဆောင်ရွက်ခြင်းအတွက် ဦးစားပေးအဖြစ် သတ်မှတ်ရန် ကူညီပေး ပါမည်။ ယခုအချိန်တွင် သန့်ရှင်းရေးကဏ္ဍသည် ရေကောင်းရေသန့် ရရှိရေး၊ သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကဏ္ဍတွင် အကျုံးဝင်နေသော်လည်း အလုံးစုံဖွံ့ဖြိုးမှု ကဏ္ဍအတွင်းတွင် သီးခြားမတွေ့မြင်နိုင်ဘဲ လျစ်လျူရှုခံ နေရပါသည်။ မူဝါဒ ရှိလာခြင်းသည် အမြင့်ဆုံးအဆင့်မှ မူဝါဒချမှတ်သူများအား ဤအချက်ကို တွေ့မြင်လာစေပြီး လုံလောက် သော အရင်းအမြစ်များ ရရှိလာစေရေးကို ဦးတည်စွမ်းဆောင် လာနိုင်စေပါမည်။
- **အထောက်အပံ့ဖြစ်စေသောဝန်းကျင်။** ဤမူဝါဒသည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အတွက် ပါဝင်ဆောင်ရွက်ရန် စွမ်းဆောင်စေနိုင်သည့် ဝန်းကျင်တစ်ခုကို တည်ဆောက်ရန် ကူညီပေးပါမည်။ မူဝါဒသည် အရင်းအမြစ်များကို သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ကဏ္ဍအတွက် နေရာချထားရန် စီစဉ်ပေးပါမည်။ လူသားအရင်း အမြစ်များကို မြှင့်တင်ခြင်းနှင့် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းကို ဆောင်ရွက်ခြင်းတို့အတွက် စီစဉ်ပေးပါမည်။ လုပ်ငန်းစဉ်များကို အထောက်အကူပြုရန် အတွက် ငွေကြေးအရင်းအမြစ်များကို စီစဉ်ပေး ပါမည်။ ကဏ္ဍကို အထောက်အကူပြုနိုင်သည့် ထိရောက်သောစနစ်များကို နေရာတကျရှိရန် စီစဉ်နိုင်ပါမည်။ သက်ဆိုင်သော ပုဂ္ဂိုလ်/ဌာန များသည် မူဝါဒအတွင်း အထက်ဖော်ပြပါ ဦးဆောင်မှုများကို အမှီပြု၍ လွယ်ကူမှုကို ရှာဖွေနိုင်ပါမည်။
- **အဖွဲ့အစည်းများဆိုင်ရာ လုပ်ငန်းများ ကွဲပြားရှင်းလင်းမှု။** မူဝါဒသည် အကောင်အထည် ဖော်ဆောင်ရွက်မှု၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စည်းကြပ်မှုအဆင့်များနှင့် စပ်လျဉ်း၍ အဖွဲ့အစည်းအမျိုးမျိုးနှင့် ၎င်းတို့၏ တာဝန်ရှိမှုများကို သတ်မှတ်ပါသည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအတွက် သက်ဆိုင်တာဝန်ရှိသော ပုဂ္ဂိုလ်နှင့် ဌာနများကို သတ်မှတ်ရပါမည်။ ၎င်းတို့သည် တာဝန်များကို ထမ်းဆောင်ရန် လုပ်ပိုင်ခွင့်ကို မူဝါဒ၏ အထောက်အကူမှ ရရှိပါသည်။ ဗဟိုမှလုပ်ပိုင်ခွင့်ကို ခွဲဝေပေးခြင်းနှင့် အောက်အဆင့်မှ မဆောင်ရွက်နိုင်သည်များကိုသာ အထက်အဆင့်မှ ဆောင်ရွက်ခြင်း (ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း) ဥပဒေသများသည် ဤအဖွဲ့အစည်းများ သတ်မှတ်ခြင်း၏ အခြေခံကို

ပံ့ပိုးပေးပါသည်။ မူဝါဒသည် ရလဒ်နှင့် အကျိုးရလဒ်ကို ပြည့်မီခြင်းအတွက် ဆုပေးခြင်း၊ ဒဏ်ပေးခြင်းကို သတ်မှတ်ရန် အကူအညီပေးပါသည်။

- **ရေရှည်တည်တံ့သော အစီအစဉ်ကို မြှင့်တင်ခြင်း။** မူဝါဒသည် သန့်ရှင်းရေး အစီအစဉ်ရေးဆွဲခြင်းအပေါ် ဦးစားပေးဆောင်ရွက်ရန်နှင့် ဒေသတွင်းလှုပ်ရှားမှုများကို ဇာတ်တိုက်လေ့ကျင့်ရန် ကူညီပြီး ရေရှည်တည်တံ့သော သန့်ရှင်းရေး အစီအစဉ်ကို မြှင့်တင်ရန် လွယ်ကူမှုရှိစေပါသည်။ မူဝါဒသည် သန့်ရှင်းရေးနှင့် တကိုယ်ရေ သန့်ရှင်းရေး ကဏ္ဍအတွက် မျှော်မှန်းချက်နှင့် လမ်းညွှန်ချက်များကို ချမှတ်ခြင်းအားဖြင့် တာဝန်ရှိသူများက သန့်ရှင်းရေးနှင့် တကိုယ်ရေ သန့်ရှင်းရေးကဏ္ဍ၏ လုပ်ငန်းများကို ရှေ့ဆက်အပြီးသတ် ဆောင်ရွက်ရန်အတွက် အလုံးစုံ လမ်းပြမြေပုံကို ပေးစွမ်းနိုင်ပါသည်။
- **သာတူညီမျှမှု။** ဤမူဝါဒသည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို လက်လှမ်းမီမှု၌ သာတူညီမျှမှု ရှိခြင်းကို ဦးစားပေးဆောင်ရွက်နိုင်ရန်ကူညီပါမည်။ ဤမူဝါဒသည် ၎င်း၏ ဥပဒေသနှင့် ချဉ်းကပ်မှု နည်းလမ်းအရ ရလဒ်နှင့် အကျိုးရလဒ်ကို နေရာအားလုံး၌ တူညီမှုရှိအောင် စီစဉ်နိုင်ပါသည်။ "မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်ထားခြင်းမရှိစေရ" ဟူသော ရည်ရွယ်ချက် ဆောင်ပုဒ်သည် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းအားလုံးကို အလိုရှိသောရလဒ်များနှင့် အကျိုးရလဒ်များကို ရရှိစေရေးအတွက် ပြေပြစ်ချောမွေ့မှုရှိစေရန် အာမခံချက်ပေးနိုင် ပါသည်။
- **စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တာဝန်ခံမှု။** မူဝါဒသည် စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်း မူဘောင်ကို သတ်မှတ်ပေးပြီး အဖွဲ့အစည်းများ၏ တာဝန်ခံမှုကို အာမခံချက်ရှိစေရန် ကူညီနိုင်ပါသည်။ ကျေးလက်ဒေသတွင် တောထိုင်ဓလေ့ကင်းစင်သည့် မြန်မာနိုင်ငံဖြစ်လာစေရေး မျှော်မှန်းချက်နှင့် အကျိုးရလဒ်များကို မူဝါဒကချမှတ်ပေးပါသည်။ မူဝါဒသည် ကြားကာလအကျိုးရလဒ်များနှင့်အတူ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းစနစ် တည်ဆောက်ခြင်းကို အထောက်အကူပြု၍ သက်ဆိုင်သည့် တာဝန်ရှိသူများ၏ တာဝန်ခံမှုကို တောင်းဆိုပေးပါမည်။

## ဆ။ မူဝါဒအခင်းအကျင်း

၃၇။ ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မူဝါဒကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (၂၀၀၈) နှင့်အညီ ရေးဆွဲထားပါသည်။

- **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ၂၀၀၈ခုနှစ်**

  ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းထွန်းကားရမည်ဟူသော အခြေခံမူများအပေါ်တွင် ရေးဆွဲထားပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံသားများအား ကျန်းမာရေး စောင့်ရှောက်မှု ခံယူနိုင်ခွင့်ကို ပေးအပ်ထားပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် တိုင်းဒေသကြီး/ပြည်နယ်များကို ပြည်ထောင်စုအောက်အဆင့်တွင် အဖွဲ့အစည်းသစ်များ၊ လုပ်ရှားဆောင်ရွက်သူများနှင့် တာဝန်ဝတ္တရားများစသည့် ဝန်ဆောင်မှုများ ရရှိနိုင်အောင် လုပ်ပိုင်ခွင့်များ ခွဲဝေပေးထားသည့် အာဏာခွဲဝေသည့် မူဘောင်ကို ပြဋ္ဌာန်းပေးပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရ၏ အခန်းကဏ္ဍတို့ကို ဇယား ၁ နှင့် ၂ တွင် ပြဋ္ဌာန်းထားပါသည်။ ဇယား ၂ တွင် ဝင်ငွေ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ဝန်ထမ်းများ ခန့်ထားခြင်းအပါအဝင် နယ်ဖက်အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်ကြောင်း ဖော်ပြထားပါသည်။

- **အားလုံးအတွက် ရေနှင့် သန့်ရှင်းရေး**

  အားလုံးအတွက် ရေနှင့် သန့်ရှင်းရေးသည် ကမ္ဘာလုံးဆိုင်ရာ ရေနှင့် သန့်ရှင်းရေး အစီအစဉ်များအတွက် ၂၀၁၀ ခုနှစ်တွင် အစိုးရများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့များ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားတာဝန်ရှိသူများ ပါဝင်ထူထောင်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်ပါသည်။ ၎င်းမိတ်ဖက်အဖွဲ့အစည်းများသည် ရေနှင့် သန့်ရှင်းရေး အတွက် နိုင်ငံရေးအရ ဦးစားပေးခံရမှုကို တိုးမြှင့်ရန်၊ ငွေကြေးရရှိမှုကို တိုးမြှင့်ရန်နှင့် အကျိုးရှိစွာသုံးစွဲမှုကို အဆင့်မြှင့်တင်ရန်၊ ရေကောင်းရေသန့်နှင့် သန့်ရှင်းရေးကို ပိုမို လက်လှမ်းမီစေရေးအတွက် စွမ်းဆောင်နိုင်မှုဝန်းကျင် တည်ဆောက်ရန်တို့ကို အလေးပေးပါသည်။

- **အမျိုးသား ကျန်းမာရေးမူဝါဒနှင့် အမျိုးသား ကျန်းမာရေးစီမံကိန်း**

  အမျိုးသား ကျန်းမာရေးမူဝါဒကို ပဏာမကျန်းမာရေး နည်းလမ်းဖြင့် “အားလုံးကျန်းမာ” ရည်မှန်းချက် ပြည့်မီရန်အတွက် ၁၉၉၃ ခုနှစ်တွင် ရေးဆွဲခဲ့ပါသည်။ ၎င်းတွင် ပတ်ဝန်းကျင် ကျန်းမာရေး ဆောင်ရွက်ခြင်းများနှင့် လေထု၊ရေထုညစ်ညမ်းမှုများကို ကာကွယ်ခြင်းတို့ ပါဝင်ပါသည်။ မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၁ သည် ၂၀၃၀ ပြည့်နှစ်အထိ တိုးချဲ့ရေးဆွဲထားသော အခြေခံ၊ အလယ်အလတ်နှင့် ပြီးပြည့်စုံသည့် ကျန်းမာရေး စောင့်ရှောက်မှု ဟူသော အဆင့် ၃ ဆင့်ပါ စီမံကိန်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

- **အမျိုးသား ရေ မူဝါဒ၊ ၂၀၁၄**

  အမျိုးသား ရေ မူဝါဒသည် ကမ္ဘာ့ကုလသမဂ္ဂက ၂၀၁၀ ခုနှစ်တွင် ကြေညာခဲ့သည့် ရေနှင့် သန့်ရှင်းရေး အခွင့်အရေးကို ပြည့်စုံစေရန် ရည်မှန်းပါသည်။ ၎င်းသည် နိုင်ငံတော်အတွင်း ရေအရင်းအမြစ်များကို ခွဲဝေသုံးစွဲရန်၊ သောက်ရေရရှိရန်နှင့် အခြေခံသန့်ရှင်းရေး လက်လှမ်းမီမှုများကို ဥပဒေသအချို့နှင့်အညီ ရည်ရွယ်ချက် တစ်ခုအဖြစ် အာရုံစူးစိုက်ပါသည်။ ၎င်းသည် ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ အကြောင်းအချက်များကြောင့် ပေါ်ပေါက်သော ရေကောင်းရေသန့်၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ပြဿနာရပ်များ၊ အထူးသဖြင့် သန့်ရှင်းရေးလိုအပ်ချက်ကို စူးစိုက်လုပ်ကိုင်ရန် ဦးတည်ပါသည်။ ရေကောင်းရေသန့်၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ စွမ်းဆောင်ရည် အတွက် ရင်းနှီးမြှုပ်နှံမှု၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့် လေ့လာသင်ယူခြင်းတို့သည် ၎င်းမူဝါဒက ဦးစားပေး ဆောင်ရွက်သည့် ဧရိယာအချို့ ဖြစ်ပါသည်။

- **အမျိုးသား ပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ ၂၀၁၉ နှင့် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ ၂၀၁၉**

  မြန်မာနိုင်ငံတော်အစိုးရသည် ၁၉၉၄ တွင် ရေးဆွဲခဲ့သည့် အမျိုးသားအဆင့် ပတ်ဝန်းကျင် ရေးရာမူဝါဒ၊ ၂၀၁၈ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၊ ၂၀၁၅ ခုနှစ် ပဲရစ်သဘောတူညီချက် အပါအဝင် အခြားစာချုပ်စာတမ်းနှင့် သဘောတူညီချက်များကို အခြေပြုသော အမျိုးသား ပတ်ဝန်းကျင်ရေးရာ မူဝါဒကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတု ပြောင်းလဲခြင်း၊ စက်မှုဖွံ့ဖြိုးခြင်းနှင့် မြို့ပြဖွံ့ဖြိုးခြင်းတို့၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ သယံဇာတများအပေါ် သက်ရောက်မှုများကို လိုက်လျောညီထွေဖြစ်ရန်နှင့် လျှော့ချရန်တို့ကို ရည်ရွယ်ပါသည်။ သဘာဝပတ်ဝန်းကျင်ကို ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့နှင့် တစ်သားတည်းဖြစ်စေရန်၊ ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက် များနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား မျှတမှုကို ရှာဖွေရန် ဖြစ်ပါသည်။ ဤမူဝါဒသည် မြန်မာနိုင်ငံ ပြည်သူလူထုအတွက် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ကောင်းမွန်ခြင်းတို့ကို သေချာစေသည့် သန့်စင်သော သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဟန်ချက် ညီသော ဂေဟစနစ်များ ရရှိနေခြင်းကို မျှော်မှန်းပါသည်။ ဤမူဝါဒသည် မြန်မာ နိုင်ငံသား အားလုံး၏ သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် သဘာဝပတ်ဝန်းကျင် ရပိုင်ခွင့်ကို

အသိအမှတ်ပြုပါသည်။ ဒြပ်ရှိ/ဒြပ်မဲ့ တန်ဖိုးနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ တန်ဖိုးကို အသိအမှတ်ပြုပါသည်။

မြန်မာနိုင်ငံတော်အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအပေါ် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို နားလည်သဘောပေါက်သည့်အလျောက် အမျိုးသားပတ်ဝန်းကျင် ရေးရာ မူဝါဒနှင့် လိုက်လျောညီထွေရှိသည့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒကို ၂၀၁၉ခုနှစ်တွင် ရေးဆွဲခဲ့ပါသည်။ ဤမူဝါဒသည် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူပိုင်း မုန်တိုင်းများ (ဆိုင်ကလုံး)၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ ရေငန်ဝင်ခြင်းကဲ့သို့ ရာသီဥတု ပြောင်းလဲခြင်းကို ကြိုတင်ခန့်မှန်းနိုင်သော ကြီးမားသည့် သက်ရောက်မှုများကို လိုက်လျော ညီထွေရှိစေရန်နှင့် လျှော့ချရန် ရည်မှန်းပါသည်။ ဤမူဝါဒသည် ကဏ္ဍအလိုက် ရင်းနှီး မြှုပ်နှံမှုနှင့် ဖွံ့ဖြိုးမှုအစီအစဉ်တို့တွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို အသိအမှတ်ပြုရန်နှင့် အာရုံစူးစိုက်ရန် ကြိုတင်မျှော်မှန်းပါသည်။ ၎င်းသည် အားလုံးပါဝင်၍ ရေရှည်တည်တံ့မည့် ရာသီဥတု ပြောင်းလဲခြင်းကို ခံနိုင်ရည်ရှိသော ကာဗွန်လျော့နည်းသော လူ့အဖွဲ့အစည်းဖြစ်ပေါ်ရန်ကို မျှော်မှန်းပါသည်။ ရေရှည်တည်တံ့ သော ဖွံ့ဖြိုးတိုးတက်မှု၊ ကာကွယ်ခြင်း၊ သတိထားခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းလုံးခြင်း၊ ပူးတွဲတာဝန်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အားလုံးပါဝင်မှု၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ ရာသီဥတုဆိုင်ရာ တရားမျှတမှုနှင့် တန်းတူညီမျှမှု၊ ကျား/မ ညီမျှမှုနှင့် အမျိုးသမီးများကို အခွင့်အာဏာပေးမှုတို့သည် ဤမူဝါဒ၏ ဥပဒေသများ ဖြစ်ပါသည်။

- **သန့်ရှင်းရေးသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်**

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ရေနှင့် သန့်ရှင်းရေးသည် လူ့အခွင့် အရေးများ ပြည့်ဝစေရန် မရှိမဖြစ်လိုအပ်သောကြောင့် ၎င်းတို့သည် လူ့အခွင့်အရေး ဖြစ်သည်ဟု ၂၀၁၀ခုနှစ်တွင် အသိအမှတ်ပြုခဲ့ပါသည်[17]။ ၎င်းအရ ပြည်သူလူထုသည် အခွင့်အရေးရှိသူ ဖြစ်ပြီး နိုင်ငံတော်သည် ရေနှင့် သန့်ရှင်းရေးကို ဆောင်ရွက် ပေးရန် တာဝန်ရှိသူဖြစ်ပါသည်[18]။ ပြည်သူလူထုသည် တောင်းဆိုနိုင်ပြီး နိုင်ငံတော်သည် အာမခံရပါမည်။

- **အာရှ ပစိဖိတ် ရေဖိုရမ် ကြေညာစာတမ်း**

17 https://www.un.org/waterforlifedecade/human_right_to_water.shtml

18 https://www.unwater.org/water-facts/human-rights/

၂၀၁၇ ခုနှစ်က ရန်ကုန်မြို့တွင် ကျင်းပသည့် တတိယအကြိမ်အာရှပစိဖိတ် ရေဖိုရမ် ထိပ်သီး ဆွေးနွေးပွဲတွင် ရန်ကုန်ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပါသည်။ အခြားလုပ်ရှားမှုများ အတွက် တိုက်တွန်းခြင်းများနှင့်အတူ အဖွဲ့ဝင်များအားလုံးက ၂၀၂၅ ခုနှစ်တွင် တောထိုင် ခလေ့ပပျောက်စေရန် အမူအကျင့်ပြောင်းလဲစေရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး တိုးတက်မှု တို့အတွက် အသိပညာပေးရန် တိုက်တွန်းခဲ့ကြပါသည်။

- **အရှေ့အာရှနိုင်ငံများ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ဝန်ကြီးများ ညီလာခံ ကြေညာစာတမ်းများ**

  ၂၀၀၇ ခုနှစ် အရှေ့အာရှနိုင်ငံများ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဆိုင်ရာ ဝန်ကြီးများ၏ ပထမဦးဆုံးညီလာခံတွင် ကိုယ်စားလှယ်များက "အဆိုးဆုံးအခြေအနေနှင့် လုံလောက်သောအသုံးအဆောင်များကို လက်လှမ်းမီရန်အတွက် အမြင့်မားဆုံး အကန့် အသတ်ကို ရင်ဆိုင်နေရသူများ၊ အထူးသဖြင့် နွမ်းပါးသူများနှင့် ထိခိုက်လွယ်သူများ၏ အကျိုးအတွက် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို မြှင့်တင်ခြင်းတွင် ရင်းနှီးမြှုပ်နှံမှုကို အဆင့်တိုးမြှင့်ရန်" ဟု ကတိပြုခဲ့ကြပါသည်။ (https://www.wsp.org/FeaturesEvents/Calendar/easan-2007-november-30-december-1-2007)

- **အမျိုးသား ပညာရေး မဟာဗျူဟာ စီမံကိန်း ၂၀၁၆-၂၀၂၁**

  အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ သည် နိုင်ငံတော်၏ လူသားအရင်း အမြစ် စွမ်းဆောင်ရည် တိုးတက်ရန်အတွက် လိုအပ်သောပညာရေးဆိုင်ရာ အကျိုး ရလဒ်များ တိုးတက်စေရန်၊ ကျောင်းအားလုံးတွင် ရေလုံလောက်စွာရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များ အပါအဝင် အခြေခံအဆောက် အဦများကို ဖြည့်တင်းခြင်းဖြင့် ကြိုတင်ပြင်ဆင်ပါသည်။

## ၈။ မူဝါဒ၏ လွှမ်းခြုံမှုနယ်ပယ်

၃၈။ မူဝါဒ သည် အောက်ဖော်ပြပါ နယ်ပယ်များကို လွှမ်းခြုံပါမည်။

- ပထဝီအနေအထားအရ အသေးစိတ် သတ်မှတ်ခြင်း။ မူဝါဒသည် နိုင်ငံတော်၏ မြို့ကြီးများ ဖြစ်သော ရန်ကုန်၊မန္တလေး၊နေပြည်တော် စည်ပင်သာယာရေး ကော်မတီများ၏ အုပ်ချုပ်မှု

အောက်တွင်ရှိသော နယ်မြေများမှအပ ကျန်ဒေသများအားလုံးနှင့် **ကျေးလက်ဒေသများ**[19]ကို အဓိကထားဆောင်ရွက်ပါမည်။

- မူဝါဒသည် **ရေဆိုးများ၏ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး**[20]ကို လွှမ်းခြုံပါမည်။ ၎င်းတွင် ကလေးများအပါအဝင် လူများ၏ မစင်အညစ်အကြေးများ၊ တိရစ္ဆာန် အညစ်အကြေးများ၊ အိမ်သာရေဆိုးများနှင့် မီးဖိုချောင်ရေဆိုး များကို စီမံခန့်ခွဲခြင်းများ၊ ရေချိုးခန်းနှင့် အခြားနေရာများမှ ရေဆိုးအားလုံး၏ သန့်ရှင်းရေး ကိစ္စရပ်များ ပါဝင်ပါသည်။ တစ်ကိုယ်ရေ သန့်ရှင်းရေး၌ အရေးတကြီး လိုအပ်သည့်အချိန် အားလုံးတွင် (ဥပမာ- အိမ်သာကို အသုံးပြုပြီး သည့်အခါ၊ အစာမစားမီ၊ ကလေးငယ်ကို အစာမကျွေးမီ) လက်ဆေးခြင်း၊ အိမ်သာနှင့် ပတ်ဝန်းကျင်ကို သန့်ရှင်းခြင်း၊ သောက်ရေကို စိတ်ချလုံခြုံအောင် သိုလှောင်ခြင်းနှင့် ကိုင်တွယ်ခြင်း၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ရေအရည်အသွေးနှင့်အညီ သန့်စင်အောင် ပြုလုပ်ခြင်းတို့ ပါဝင်ပါမည်။
- မူဝါဒသည် **ကျေးလက်ဒေသများရှိ အိမ်ထောင်စုများအားလုံး၊** မြို့နယ်အဆင့်အထိ အစိုးရနှင့် ပုဂ္ဂလိကပိုင်မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း **ကျောင်းများအားလုံး** (ဘုန်းတော်ကြီးသင် ကျောင်းများအပါအဝင်)၊ မြို့နယ်အဆင့်ကျန်းမာရေးဌာနများ/ဆေးရုံ ဆေးခန်းများ နှင့် ၎င်းအုပ်ချုပ်မှုအောက်ရှိ **ကျန်းမာရေးဌာနများ/ဆေးရုံဆေးခန်းများ** အားလုံး၊ **အများပြည်သူဆိုင်ရာ နေရာများ** (ဈေးများ၊ ကားဂိတ်များ၊ အဝေးပြေးလမ်းမကြီးများစသည့်) ရှိ သန့်ရှင်းရေး၊ ရေအရည်အသွေး၊ ရေဆိုးသန့်စင်စက်ရုံများ၏ သန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကောင်းမွန်သန့်ရှင်းသော သန့်ရှင်းရေးဆိုင်ရာ အမူအကျင့်များ မြှင့်တင်ခြင်းကို လွှမ်းခြုံပါမည်။
- မူဝါဒသည် **အထောက်အပံ့ဖြစ်စေသောဝန်းကျင်** ဥပမာ - အဖွဲ့အစည်းများကို အသေးစိတ် ပိုင်းခြားခြင်း၊ ပစ္စည်းရရှိနိုင်မှု ကွင်းဆက်နှင့်ဈေးကွက်များ၊ စောင့်ကြပ်ကြည့် ရှုစစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း၊ စည်းမျဉ်းစည်းကမ်းများချမှတ်ဆောင်ရွက်ခြင်း၏ အစိတ်အပိုင်း

---

19

| Administrative → Characteristics ↓ | Urban | Rural |
|---|---|---|
| Urban | ✖ scope of this policy | Rural administered areas, having urban characteristics |
| Rural | Urban administered areas, having rural characteristics | ✓ Scope of this policy |

20 Solid waste would be coordinated by other ministries/departments; a solid waste policy and strategy, Myanmar National Waste Management Strategy and Plan (2018-2030) has been developed for managing solid waste.

အားလုံးကို ထိရောက်စွာ ဝန်ဆောင်မှုပေးရန်နှင့် ရေရှည်တည်တံ့စေရန် ပုဂ္ဂလိကကဏ္ဍမှ ဝင်ရောက် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်ရေး အခြေအနေများဖန်တီးပေးခြင်းနှင့် ဈေးကွက် မတည်ငြိမ်သည့် (ဈေးနှုန်းများအဆမတန်မြင့်မားလာခြင်း) အခြေအနေများတွင် အစိုးရမှ ထိန်းကျောင်းပေးခြင်းများကို ဦးစားပေးဆောင်ရွက်ပါမည်။

- သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မူဝါဒကို မြို့ကြီးများဖြစ်သော ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီများ၏ အုပ်ချုပ်မှုအောက်တွင်ရှိသော နယ်မြေများမှအပ **<u>မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများအားလုံးနှင့်</u>** ကျန်ဒေသများအားလုံးတွင် ကျင့်သုံး ဆောင်ရွက်နိုင်ပါသည်။ အစိုးရ ၊ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ အားလုံးတို့သည် ၎င်းတို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် ဤမူဝါဒ၌ ပါဝင်သော ဥပဒေသများနှင့် ချဉ်းကပ်မှုနည်းလမ်းများကို လိုက်နာကြရမည် ဖြစ်ပါသည်။ ဤမူဝါဒမှ ကွဲလွဲ၍ ဆောင်ရွက်မည်ဆိုပါက အစိုးရနှင့် အခြားပူးပေါင်းပါဝင် ဆောင်ရွက်သူများကို အသိပေး ဆွေးနွေးရပါမည်။

## ၈။ လျာထားချက်များ

၃၉။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အထောက်အပံ့ဖြစ်စေသော ဝန်းကျင် နှင့် ရုပ်ပိုင်းဆိုင်ရာ အကျိုးရလဒ်များတွင် ပါဝင်သည့် အချက်များမှာ–

- ဤမူဝါဒ ချမှတ်ပြီးပါက ပြည်ထောင်စု/တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အသီးသီး တို့သည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကဏ္ဍကို ဆောင်ရွက် နိုင်ရန်အတွက် ရှင်းလင်းသော ဥပဒေမူဘောင်တစ်ခုကို ရေးဆွဲရန်နှင့် ရှိပြီးဖြစ်ပါက ခိုင်မာအောင် ပြုလုပ်ရန် ဖြစ်ပါသည်။ ၎င်းမူဘောင်တွင် ကောင်းမွန်သန့်ရှင်းသော အိမ်သာနှင့် လက်ဆေးရန် နေရာများအတွက် အနိမ့်ဆုံး စံသတ်မှတ်ချက်အပေါ် လမ်းညွှန်ချက်များ၊ အညစ်အကြေးများကို သိုလှောင်သိမ်းဆည်းခြင်း၊ အိမ်သာတွင်း/ကျင်းများကို ရှင်းလင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်းနှင့်စွန့်ပစ်ခြင်း၊ သောက်သုံးရေ အရည်အသွေး သတ်မှတ်ချက်များ၊ တောထိုင်ခြင်းအတွက် ချမှတ်နိုင်သည့် ပြစ်ဒဏ်များ တို့နှင့် စပ်လျဉ်းသော သန့်ရှင်းရေးဆိုင်ရာ ဥပဒေများနှင့် စံသတ်မှတ်ချက်များ ပါဝင် ပါသည်။ (၂၀၂၂ ခုနှစ်တွင်)

- ပြည်ထောင်စု/ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဆင့်မှ အိမ်ထောင်စုအဆင့်အထိ အဖွဲ့အစည်းအမျိုးမျိုး၏ လုပ်ငန်းနှင့် တာဝန်ရှိမှုများကို ရှင်းရှင်းလင်းလင်း နားလည်ခြင်း။ (၂၀၂၁ ခုနှစ်တွင်)
- ကျေးလက်ဒေသနှင့် မြို့ကြီးများဖြစ်သော ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီများ၏အုပ်ချုပ်မှုအောက်ရှိသော နယ်မြေများမှအပ ကျန်ဒေသများအားလုံးတွင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကဏ္ဍသည် အပြည့်အဝ လွှမ်းခြုံမှုရရှိရမည်။ မည်သည့်အခြေအနေတွင်မဆို ကျေးလက်ဒေသရှိ ပြည်သူလူထု အားလုံးသည် ပိုမိုကောင်းမွန်သောသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်း ရေးကို ၂၀၃၀ ခုနှစ်တွင် လက်လှမ်းမီစေရမည်။ ၎င်းကို အောက်ပါ ကြားကာလ လျာထားချက်များ ပါဝင်စေလျက် အဆင့်အလိုက် ဆောင်ရွက်ပါမည်။

| | အခြေခံ (၂၀၁၉) | ၂၀၂၂ | ၂၀၂၅ | ၂၀၃၀ |
|---|---|---|---|---|
| ပတ်ဝန်းကျင်တွင်အပေါ့အလေးသွားမှုကင်းစင်သောရပ်ရွာလူထု | ၂%[21] | ၂၀% | ၆၀% | ၁၀၀% |
| အခြေခံ သန့်ရှင်းရေး ဝန်ဆောင်မှုကို လက်လှမ်းမီခြင်း | ၇၈.၅%[22] | ၈၅% | ၉၅% | ၁၀၀% |
| ကောင်းမွန်ပြီးလုံခြုံစိတ်ချသော သန့်ရှင်းရေး ဝန်ဆောင်မှုကို လက်လှမ်းမီခြင်း | N/A | ၂၀% | ၄၀% | ၇၀%[23] |
| လက်ဆေးခြင်းဆိုင်ရာ အသုံးအဆောင်များကို လက်လှမ်းမီခြင်း | ၇၁%[24] | ၈၀% | ၉၀% | ၁၀၀% |
| ကျောင်းသန့်ရှင်းရေး (အိမ်သာ) | N/A | ၇၀% | ၉၀% | ၁၀၀% |

[21] UNICEF internal and partners report 2019
[22] 2019 Intercensal survey, Department of Populations, Ministry of Labour, Immigration and Population, the Government of Myanmar
[23] This envisages a 70% coverage of toilets to be either improved direct pit or leach pit toilets, which are considered in-situ safe sanitation facility. The remaining 30% would be septic tanks or others, which requires off-site treatment, so will require few more years for completion.
[24] 2019 Intercensal survey, Department of Populations, Ministry of Labour, Immigration and Population, the Government of Myanmar

ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မူဝါဒ

| | | | | |
|---|---|---|---|---|
| ကျောင်း လက်ဆေးစင် | N/A | ၇၀% | ၉၀% | ၁၀၀% |
| ဆေးရုံဆေးခန်းများ သန့်ရှင်းရေး (အိမ်သာ) | | ၇၅% | ၈၅% | ၁၀၀% |
| ဆေးရုံဆေးခန်းများ (လက်ဆေးစင်) | | ၇၅% | ၈၅% | ၁၀၀% |
| အများပြည်သူဆိုင်ရာ နေရာများ သန့်ရှင်းရေး (အိမ်သာ) | N/A | ၆၀% | ၈၀% | ၁၀၀% |
| အများပြည်သူဆိုင်ရာ နေရာများ လက်ဆေးစင် | N/A | ၆၀% | ၈၀% | ၁၀၀% |

**Comment [TS5]:** The targets in Nat WASH strategy are
Both Toilets and Handwashing of HCF,
2020 – 70% and 2025 - 85%. Therefore,
Targets are based on WASH strategy - 2022 – 75% and 2025 – 85%

**Comment [TS4]:** To review and get clarification for HCF and take targets from Nat WASH strategy

- ရည်ရွယ်ချက်များနှင့် လျာထားချက်များ၏ နယ်ပယ်သည် နိုင်ငံအတွင်း မြို့ကြီးများ ဖြစ်သော ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီများ၏ အုပ်ချုပ်မှုအောက်ရှိသော နယ်မြေများမှအပ ကျန်ဒေသများအားလုံးနှင့် ကျေးလက် ဒေသအားလုံးရှိ ပြည်သူလူထု အားလုံးကို လွှမ်းခြုံရပါမည်။ ကျေးလက်ဒေသ၏ အဓိပ္ပါယ် ဖွင့်ဆိုချက်သည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဥပဒေတွင် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်ပါသည်။ ၎င်းတွင် အိမ်ထောင်စုများ၊ ဆေးရုံဆေးခန်းများ၊ ကျောင်းများ၊ အဖွဲ့အစည်းများ၊ အများပြည်သူနှင့်ဆိုင်သော နေရာများ (ဈေးများ၊ ကားဂိတ်များ၊ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်း၊ ပွဲလမ်းသဘင်များ စသည်ဖြင့်)၊ ကျေးရွာချင်း ဆက်လမ်းများ၊ ကျေးရွာနှင့် မြို့ဆက်သွယ်သောလမ်းများနှင့် ကျေးလက်ဒေသနေ ပြည်သူများ ထိတွေ့မှုရှိသည့် အခြားနေရာများ ပါဝင်ပါသည်။ သို့သော် ဖော်ပြပါနေရာ များသာ ပါဝင်သည်ဟု ကန့်သတ်မထားပါ။
- ဆင်းရဲနွမ်းပါးသူများ၊ မသန်စွမ်းသူများနှင့် ထိခိုက်လွယ်သူများအတွက် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များကို တန်းတူညီမျှ လွယ်ကူစွာ အသုံးပြုနိုင်ချိန်တွင် ကျား/မညီမျှမှုကိုပါ အလေးထား ဆောင်ရွက်ရမည်။
- ဤမူဝါဒအရ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များက ချမှတ်ပြီး ပူးပေါင်းစောင့်ကြည့် စစ်ဆေးခြင်း အစီအစဉ်တွင် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့် စံသတ်မှတ်ချက်များ၏ အနိမ့်ဆုံးဝန်ဆောင်မှုအဆင့် (အနိမ့်ဆုံးဝန်ဆောင်မှု အဆင့်၏ အဓိပ္ပာယ် သတ်မှတ်ချက်

– ပတ်ဝန်းကျင်ပြင်ပ၌ အပေါ့အလေးသွားသည့်အလေ့အထများ ပပျောက်လျက် လူသားအားလုံးမျှတပြီး ကုန်ကျစရိတ် ကျခံနိုင်သော သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ရရှိသုံးစွဲလာနိုင်ခြင်း)သည် အများပြည်သူ၏ အရင်းအမြစ်များမှ ထောက်ပံ့မှုတွင် အကျုံးဝင်စေရမည်။

- နည်းပညာပံ့ပိုးမှုနှင့် (အကန့်အသတ်ရှိသော) ပစ္စည်းအထောက်အပံ့ပေးခြင်းနှင့် ပတ်သက်၍ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ရရှိသည့်ဘဏ္ဍာငွေမှခွဲ ဝေဆောင်ရွက်ရမည် ဖြစ်ပါသည်။

## ည။ ဥပဒေသများ

၄၀။ သန့်ရှင်းရေးနှင့်တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မူဝါဒကို ဤဥပဒေသများက လမ်းညွှန်မှုပြုပါသည်။ ဥပဒေသများသည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ကဏ္ဍ၏ ရှေ့ခရီးအတွက် မူဘောင်ကို ချမှတ်ပေးမည့်မဏ္ဍိုင်၊ ယုံကြည်ချက်များနှင့် သဘောထားများ ဖြစ်ပါသည်။ ဥပဒေသများမှာ–

- **ပြည်သူ့ကျန်းမာရေး**

ပြည်သူ့ကျန်းမာရေးသည် ပိုမိုကောင်းမွန်သော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို ပါဝင်လုပ်ဆောင်ခြင်းအတွက် အဓိကအကြောင်းရင်း ဖြစ်သည်။ ပါဝင်လုပ်ဆောင်မှုအတွက် အကြောင်းပြချက်မှာ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးမကောင်းခြင်း (သို့မဟုတ်) မရှိခြင်းသည် ပြည်သူ့ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိခြင်း ဖြစ်ပါသည်။

- **သန့်ရှင်းရေးနှင့်တစ်ကိုယ်ရေသန့်ရှင်းရေး**

သန့်ရှင်းရေးသည် မူလအရင်းခံအားဖြင့် အများဆိုင်ပစ္စည်းဖြစ်ပါသည်။ ပိုမိုကောင်းမွန်သော သန့်ရှင်းရေး သို့မဟုတ် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များကို တစ်ဦးတစ်ယောက်က သုံးခြင်း သို့မဟုတ် မသုံးခြင်းသည် ကျယ်ပြန့်သော လူ့အဖွဲ့အစည်း တစ်ရပ်လုံးအပေါ် အကျိုးသက်ရောက်မှု ရှိပါသည်။ ရပ်ရွာတစ်ခုအတွင်းရှိ လူတစ်ဦးစီ၏ ကျန်းမာရေးသည် လူတစ်ယောက် သို့မဟုတ် အိမ်ထောင်စုတစ်ခု၏ အမူအကျင့်ကြောင့် အကျိုးသက်ရောက်မှုရှိပါသည်။ ဤအချက်သည် ပိုမိုကောင်းမွန်သောသန့်ရှင်းရေး သို့မဟုတ် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အမူအကျင့်များ မရှိခြင်းတို့သည် (မကောင်းသော အိမ်သာများကို သုံးစွဲခြင်း၊ တောထိုင်ခြင်း၊

လက်ဆေးရန်အသုံး အဆောင်မရှိခြင်းစသည်ဖြင့်) ပြည်သူလူထု အကျိုးစီးပွါးအတွက် ဦးစားပေးဆောင်ရွက်ရန် ဖြစ်သည်။ ပြည်သူထုထု၏ အရင်းအမြစ်များဖြစ်သည့် အစိုးရဘဏ္ဍာငွေများ၊ ပြည်သူလူထု ထောက်ပံ့ငွေများ (အလှူရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု ဆိုင်ရာ အဖွဲ့အစည်းများ)ကို သုံးစွဲခြင်းအတွက် အကြောင်းပြချက်သည် မှန်ကန်ကြောင်း သက်သေ ဖြစ်ပါသည်။ ပြည်သူလူထု၏ အရင်းအမြစ်များကို အများဆိုင် ပစ္စည်းများအတွက် အကျိုးရှိစေမည့် အတိုင်းအတာကိုသာ သုံးစွဲရပါမည်။ ပုဂ္ဂလိကအကျိုးစီးပွါး အတွက်မသုံးစွဲရပါ။ ဤအများဆိုင်ပစ္စည်း အယူအဆသည် ရပ်ရွာလူထုတစ်ဝှမ်းနှင့် သက်ဆိုင်သော လူအားလုံး ကောင်းမွန်သန့်ရှင်းသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များကို အလွယ်တကူ အသုံးပြု နိုင်သည်ဟု ခေါ်ဆိုသည်။ ပတ်ဝန်းကျင်ပြင်ပ၌ မစင်မှတဆင့် ပါးစပ်သို့ မစင်ပိုးမွှားများ ရောက်ရှိခြင်းကို ထိရောက်စွာ ထိန်းချုပ်နိုင်သည့် တောထိုင်ဓလေ့ ကင်းစင်သည့် ဝန်းကျင်နေရာ ဟူသော အကျိုးရလဒ်ကို ရရှိလာစေနိုင်ပါသည်။

- **သဘာဝပတ်ဝန်းကျင်**

သဘာဝပတ်ဝန်းကျင်ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် လုပ်ငန်းအကောင်အထည်ဖော်မှုများကို လမ်းညွှန်ပေးရမည်။ ဤမူဝါဒနှင့် မူဝါဒ အကောင်အထည်ဖေါ်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက် ရာတွင် ကျန်းမာရေးကိုသာမက သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေခြင်းသည် စဉ်းစား ဆင်ခြင် ရမည့် အချက်တစ်ခုဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းခြင်းသည် နောက်ဆုံးတွင် လူ့အဖွဲ့ အစည်းနှင့် ပြည်သူလူထု၏ ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိပါသည်။ လုပ်ငန်း အကောင်အထည်ဖော်မှုအားလုံးတို့၏ အကျိုးရှိမှုသည် ကုန်ကျစရိတ်ထက် သာလွန်ခြင်းကို သေချာစေရန်အတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (တရားဝင် ဖြစ်စေ သို့မဟုတ် တရားမဝင် ဖြစ်စေ)ကို တွက်ချက်ရပါမည်။ ညီမျှခြင်းတွင် အရှုံးပြပါက ဆိုးကျိုး လျော့ကျရန် အားထုတ်မှုကို လိုအပ်သလို တာဝန်ယူ ဆောင်ရွက်ရပါမည်။ ဤမူဝါဒသည် “ညစ်ညမ်းစေသူ တာဝန်ယူ” ဟူသော အယူအဆကို မြှင့်တင်ပါသည်။ ဆိုးကျိုးလျှော့ချရန် အားထုတ်မှုအားလုံး၏ တန်းတူညီမျှမှုကို သင့်တင့်လျောက်ပတ်စွာ ဆင်ခြင်စဉ်းစားလျက် ညစ်ညမ်းစေသူများက ပေးရပါမည်။ လုပ်ငန်း အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်အားလုံးတွင် လူ့အညစ်အကြေး ထုတ်ကုန်များကို ထပ်မံသုံး စွဲခြင်းနှင့် အသွင်ပြောင်းသုံးစွဲခြင်းများကို အားပေးမြှင့်တင်ပါသည်။ လူ၏အညစ်အကြေးနှင့် အခြား အညစ်အကြေးများကို လုံခြုံစိတ်ချရအောင် သန့်စင်ပြီး

၎င်းစွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းအမျိုးမျိုးတွင်သုံးစွဲသည့် ဂေဟစနစ် ချဉ်းကပ်မှု နည်းလမ်းများကို မြှင့်တင်ပါမည်။

- **လူတိုင်း အလွယ်တကူလက်လှမ်းမီရန်အတွက် သာတူညီမျှစွာ ချဉ်းကပ်ဆောင်ရွက်ခြင်း**

အားလုံးအတွက် လက်လှမ်းမီမှု ရနိုင်သော အခွင့်အလမ်းရှိသည့် သာတူညီမျှမှုရှိသော ချဉ်းကပ်မှု နည်းလမ်း၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းခြင်းရှိသော ရပ်ရွာလူထုတစ်ခုကို ရှေးရှုသော မြှင့်တင်ခြင်းလုပ်ငန်းတွင် ၎င်း၏ အခြေခံဥပဒေသ အတိုင်း သာတူညီမျှခြင်းနှင့် မျှတခြင်း ရှိရမည်။ ၎င်းချဉ်းကပ်မှုနည်းလမ်းသည် လူတိုင်း သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး၏ အခြေခံ အနိမ့်ဆုံးစံသတ်မှတ်ချက်များကို လက်လှမ်းမီမှု အခွင့်အလမ်းရှိခြင်းကို သေချာစေရန် အရင်းအမြစ်များ (ထောက်ပံ့ပေးသောအရင်းအမြစ်များသာမက) လက်လှမ်းမီရန် လွယ်ကူမှုရှိခြင်းကို အာရုံစိုက်ရမည်။ ၎င်းသည် နည်းပညာပံ့ပိုးခြင်း (သတင်းအချက်အလက်၊ ရလိုမှုဖန်တီးခြင်း) မှ တစ်ဆင့် အဆင်ပြေလွယ်ကူသော ပစ္စည်းရနိုင်မှုကွင်းဆက်၊ အတိုးနှုန်း နည်းပါးပြီး စည်းကမ်း သတ်မှတ်ချက်များ လွယ်ကူသက်သာသောအကြွေးဝယ်စနစ်/ လွယ်ကူသက်သာသော အကြွေးဝယ် စနစ်ရှိခြင်း စသည်တို့သည် ဈေးကွက်ကို လွယ်ကူချောမွေ့စေပါသည်။ **မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်ထားခြင်းမရှိစေရ –** ပါဝင်ဆောင်ရွက်ခြင်းသည် ကျား/မထိခိုက်လွယ်ခြင်း၊ ရပ်ရွာအတွင်းရှိ နွမ်းပါးသူများ၊ မသန်စွမ်းသူများ၊ အိမ်ခြေမဲ့များ၊ရွှေ့ပြောင်းလုပ်သားများနှင့် အခြားထိခိုက်လွယ်သူများ အထိ ရောက်ရှိခြင်းတို့ကို သေချာစေရန် စူးစိုက်မှုရှိသော အထူးချဉ်းကပ်မှုနည်းလမ်းများကို လက်ခံ အတည်ပြု ပေးရပါမည်။ နောက်ကျနေသော နေရာဒေသများအတွက်လည်း အာရုံ စူးစိုက်ခြင်း ကို ထားရှိရမည်။ “မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်ထားခြင်းမရှိစေရ”ဟူသော ချဉ်းကပ်မှု နည်းလမ်းကိုလည်း အသုံးပြုရပါမည်။ စောင့်ကြည့်စစ်ဆေးခြင်းစနစ်သည် သာတူညီမျှမှုကို ခြေရာခံခြင်းနှင့် ပထဝီအနေအထား၊ လူမှုရေးနှင့် အခြားသာတူညီမျှမှု အကြောင်းအရာများအပေါ် အထူးအလေးအနက် ထားရမည်။

- **နည်းနည်းအတွက် အားလုံးမဟုတ်ဘဲ အားလုံးအတွက် နည်းနည်းစီ ဖြစ်ရပါမည် (အရင်းအမြစ်ခွဲဝေခြင်း)**

အစိုးရအရင်းအမြစ်များသည် အကန့်အသတ်ရှိသည့်အလျှောက် လူဦးရေ အရေအတွက် အများဆုံးကို အကျိုးပြုနိုင်ရန် အရေးကြီးပါသည်။လုံခြုံစိတ်ချရပြီး ကောင်းမွန်သည့် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များကို နေထိုင်သူအားလုံးက လက်လှမ်းမီရန် သေချာစေသည့် နည်းလမ်း များစွာရှိပါသည်။ နေထိုင်သူများ၏ ရပ်ရွာတစ်ဝှမ်း ကျန်းမာရေး

အကျိုးကျေးဇူးများ ရရှိမှုကို သေချာစေရန်အတွက် အခြေခံ အနိမ့်ဆုံးအဆင့်ကို အလွယ်တကူ ရရှိစေရန် အများပြည်သူ အရင်းအမြစ်များ (ဘဏ္ဍာငွေ၊ လူ၊ အခြား)ကို အထိရောက်ဆုံး သုံးစွဲရပါမည်။ ဤစံသတ်မှတ်ချက်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် အခြားရည်မှန်းချက်များ၏ ကောင်းမွန်သန့်ရှင်း၍ လုံခြုံ စိတ်ချသော အိမ်သာနှင့် လက်ဆေးရန် နေရာများဆိုင်ရာ အဓိပ္ပါယ် သတ်မှတ်ချက်များကို ဦးတည် ပါသည်။ ဤအခြေခံ စံသတ်မှတ်ချက်များထက် ပိုမိုကောင်းမွန်သော အိမ်သာများကို အစိုးရ မဟုတ်သော ရန်ပုံငွေများ (ပုဂ္ဂလိက ရန်ပုံငွေများ၊ ထောက်ပံ့ငွေမဟုတ်သည့် ချေးငွေများ၊ စသည့်) တို့မှ တာဝန်ယူ ဆောင်ရွက်ရပါမည်။

- **ဗဟိုချုပ်ကိုင်မှုမှ လျှော့ချခြင်း**

သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ မျှော်မှန်းချက်ကို အောင်မြင်ရန်မှာ အဖွဲ့အစည်း၏ မူဘောင်တွင် ဗဟိုချုပ်ကိုင်မှုမှလျှော့ချခြင်း ဥပဒေသများကို အခြေခံရပါမည်။ ဗဟိုမှ လုပ်ပိုင်ခွင့်ကို ခွဲဝေပေးခြင်းသည် ပါဝင်ဆောင်ရွက်ခြင်းကို တာဝန်ယူဆောင်ရွက်ရာတွင် အမြင့်ဆုံး ဆောင်ရွက် နိုင်စွမ်းရှိခြင်း၊ ပြည်သူလူထု၏ လိုအပ်ချက်များကို အရေးတယူ ဂရုစိုက်ဆောင်ရွက်ခြင်းနှင့် အထက်အောက် အပြန်အလှန်တာဝန်ခံမှုတို့ကို တိုးတက်စေမည်ဖြစ်ပါသည်။ အထက်အဆင့်မှ တာဝန်ယူဆောင်ရွက်ရန် မလိုအပ်သည့် ကိစ္စရပ်များကို အောက်အဆင့်မှတာဝန်ယူ ဆောင်ရွက် နိုင်မည် ဖြစ်ပါသည်။ လုပ်ငန်းများ အကောင်အထည်ဖေါ် ဆောင်ရွက်ခြင်းသည် ဗဟိုမှလုပ်ပိုင်ခွင့်ကို ဖြစ်နိုင်သမျှ အောက်ခြေအဆင့်ဆင့်သို့ ခွဲဝေပေးခြင်းဖြင့် အထက်အဆင့်သည် ပံ့ပိုးကူညီခြင်းနှင့် လမ်းညွှန်ခြင်း တို့ကိုသာ ဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။

- **ပြည်သူလူထုချဉ်းကပ်မှုဖြင့် အလုံးစုံသန့်ရှင်းရေးလုပ်ငန်းစဉ်သည် ပြည်သူလူထု၏လုပ်ပိုင်ခွင့် ပေးဝေခြင်းနှင့် ရေရှည်တည်တံ့ခြင်းကို ဦးတည်ရပါမည်**

အဆိုပါ လုပ်ငန်းစဉ်တို့သည် ပြည်သူလူထုကိုလုပ်ပိုင်ခွင့်ပေးဝေပေးခြင်းဖြင့် ရေရှည်တည်တံ့မှုကို ဖြစ်စေပါသည်။ ရပ်ရွာလူထု လုပ်ပိုင်ခွင့်ပေးဝေခြင်းနှင့် ရပ်ရွာအတွက် အကျိုးရလဒ်များ ရရှိအောင် ဆောင်ရွက်ခြင်းကို အကူအညီရစေရန်အတွက် ရပ်ရွာလူထုအားလုံး (အမျိုးသမီးများနှင့် ထိခိုက် လွယ်သူများ အပါအဝင်) က ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဦးဆောင်ပါဝင် ဆောင်ရွက်စေခြင်း ချဉ်းကပ်မှုနည်းလမ်းကို လက်ခံကျင့်သုံးရပါမည်။ ပြည်တွင်းနှင့် ပြည်ပမှ ပါဝင်လုပ်ဆောင်သူများက စိစစ်သုံးသပ်ခြင်း၊ လုပ်ငန်းစဉ်ကို ပံ့ပိုးကူညီနိုင်ရန် စိစစ်သုံးသပ်မှုကို အခြေခံ၍ ဆုံးဖြတ်ချက် ချမှတ်နိုင်စေခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ရေရှည်တည်တံ့စေရန် ဆောင်ရွက်ခြင်းတို့အတွက်ရပ်ရွာလူထုကို ပံ့ပိုးပေးရပါမည်။ ဤအချက်များ

သည် ရပ်ရွာလူထုကို သန့်ရှင်းရေးဆိုင်ရာ အကျိုးရလဒ်များကို ရေရှည်တည်တံ့စေမည် သာမက အခြားဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရာတွင်လည်း ကာလရှည်လုပ်ပိုင်ခွင့် ပေးခြင်း ဖြစ်ပါသည်။

- **လက်တွဲဆောင်ရွက်ခြင်း**

ကျေးလက်ဒေသ၌ တောထိုင်ဓလေ့ ကင်းစင်ရန်အတွက် လိုအပ်ချက်များသည် အရေးကြီးပြီး ရနိုင်သောအရင်းအမြစ်များမှာ နည်းပါးပါသည်။ လိုအပ်ချက်များသည် အဖွဲ့အစည်းတစ်ခုစီ- အစိုးရကိုယ်တိုင် ဝန်ယူဆောင်ရွက်နိုင်မှုထက် ကျော်လွန်နေပါသည်။ ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကဏ္ဍကို အထောက်အကူပြုနိုင်သည့် ရေ၊ ကျန်းမာရေး၊ အာဟာရ စသည်ဖြင့် အစိုးရ၏ အစီအစဉ်နှင့် စီမံကိန်းများ အမျိုးမျိုး ရှိပါသည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အစိုးရများအပြင် ပုဂ္ဂလိကကဏ္ဍ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ လူထုဆက်သွယ်ရေး၊ ရပ်ရွာလူထုစသည့် တာဝန်ရှိသူအများအပြား ရှိပါသည်။ ဤအစီအစဉ်ကို တာဝန်ရှိသူများအကြား လက်တွဲဆောင်ရွက်ခြင်းသည် လျာထားချက် များကို အကျိုးရှိစွာ ပြီးမြောက်စေရေး အတွက် ပူးပေါင်းအင်အားကို တည်ဆောက်နိုင်ပါသည်။

- **တတ်နိုင်မှုအပေါ် အခြေခံ၍ သုံးစွဲသူက အကုန်အကျခံရမည် ဟူသော ဥပဒေသ**

သုံးစွဲသူသည် ပုဂ္ဂလိက ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု (အစိုးရနှင့် ပုဂ္ဂလိက) အားလုံးအတွက် ကုန်ကျခံနိုင်မှုအပေါ် အခြေခံသည့် ရွေးချယ်စရာ အမျိုးမျိုးအနက်မှ ရွေးချယ်ကျခံ ရပါမည်။ ဤအချက်သည် ပြည်သူများအကြား ပိုင်ဆိုင်သူအဖြစ် ခံယူမှု၊ ဝန်ဆောင်မှုများ၏ ကာလရှည် စီမံခန့်ခွဲမှုနှင့် ရေရှည်တည်တံ့မှုအတွက် ကုန်ကျစရိတ်ကျခံနိုင်ခြင်းကို သေချာစေပါသည်။ အိမ်ထောင်စုသည် မိမိကိုယ်ပိုင် အဆောက်အဦများကဲ့သို့ အိမ်သာများကို မိမိကိုယ်ပိုင်ငွေဖြင့် တည်ဆောက်ရပါမည်။ အစိုးရ၏ ပစ္စည်းထောက်ပံ့မှုများသည် အသုံးပြုသူက အားလုံးဖြစ်စေ သို့မဟုတ် တစ်ဝက် တစ်ပျက်ဖြစ်စေ အကုန်အကျခံရန်အတွက် မတတ်နိုင်သော အဆုံးစွန် ရှားပါးသော ကိစ္စရပ်များ အတွက်သာ ရရှိနိုင်ပါမည်။ ထိုပြင်ပအထောက်အပံ့သည် သုံးစွဲသူ၏အကျိုးနှင့် ၎င်းနေထိုင်သည့် ရပ်ရွာအကျိုး အတွက်ဖြစ်ကြောင်း လုံလောက်စွာ ဆင်ခြင်သုံးသပ်ရပါမည်။ ပြင်ပအရင်းအမြစ်များကို ရည်ရွယ်ချက်၊ ပွင့်လင်းမြင်သာမှုဆိုင်ရာ သတ်မှတ်ချက်နှင့်အညီ ပေးရပါမည်။ ရလဒ်နှင့် အကျိုး ရလဒ်များကို ပြည့်မီသည့်အတွက် ဂုဏ်ပြုခြင်းများ ပြုလုပ်ပေးရမည်။ ကျောင်းအိမ်သာ၊ အများ ပြည်သူဆိုင်ရာ အိမ်သာများစသော အဆောက်အဦများအတွက် အစိုးရရန်ပုံငွေမှ ကျခံရပါမည်။ ဝန်ဆောင်မှု အားလုံးကို (ဈေးများရှိ အိမ်သာများကဲ့သို့) အသုံးပြုသူများ၏ အခကြေးငွေဖြင့်

ထိန်းသိမ်းခြင်းနှင့် ပြင်ဆင်ခြင်းတို့အတွက် စီမံခန့်ခွဲရမည်။ ကိုယ်ပိုင်အသုံးအဆောင်များ အားလုံး၏ (ပုံမှန် ပြင်ဆင်ထိန်းသိမ်းခြင်း၊ အိမ်သာကျင်း စုပ်ထုတ်ခြင်း/ကျင်းပြောင်းခြင်းစသည့်) တည်ဆောက်ပြီးကာလ အသုံးပြုခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းများကို ပိုင်ရှင်များ ကိုယ်တိုင် ကျခံရပါမည်။

- **အသုံးအဆောင်ပစ္စည်းများနှင့် အမူအကျင့်တို့ ရေရှည်တည်တံ့ခြင်း**

အစိုးရရန်ပုံငွေသည် အကန့်အသတ်ရှိသောကြောင့် အနာဂတ်တွင် အလားတူ ပြန်လည်ရင်းနှီးမြှုပ်နှံရန် မလိုစေပဲ ရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးအမြတ်များကို ရရှိခံစားစေရပါမည်။ ထို့ကြောင့် ပါဝင်ဆောင်ရွက်မှုတိုင်းတွင် အသုံးအဆောင်ပစ္စည်းများ ရေရှည်တည်တံ့စေရန်အပြင် မှန်ကန်သော အမူအကျင့်ကို အဓိကအကျိုးရလဒ် ဖြစ်လာစေရန် ပိုမိုအလေးထားတာဝန်ယူဆောင်ရွက်ရပါမည်။ လုပ်ငန်းစတင်ဆောင်ရွက်သည့်အချိန်မှစ၍ ရေရှည်တည်တံ့ခြင်းကို အရေးကြီးသော အဓိက အစိတ်အပိုင်းအဖြစ် မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များတွင်ပါ ထည့်သွင်းဆောင်ရွက် ရပါမည်။ ထိုမဟာဗျူဟာများနှင့် စံနမူနာပြလုပ်ငန်းများကိုလည်း ရေရှည်တည်တံ့စေရေးအတွက် ဆန်းစစ်သုံးသပ်ရပါမည်။ ဥပမာ - ဒေသရှိ သန့်ရှင်းရေးဈေးကွက်များကို ဖွံ့ဖြိုးစေခြင်းဖြင့် အနာဂတ်အစီအစဉ်များတွင် အထောက်အကူမပါပဲ သုံးစွဲသူများက ၎င်းတို့ကိုယ်တိုင် အသုံးအဆောင်များကို ပြင်ဆင် ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်ခြင်းတို့ကို ပြုလုပ်နိုင်ပါမည်။

- **စောင့်ကြည့်စစ်ဆေးခြင်း**

စောင့်ကြည့်စစ်ဆေးခြင်းသည် လုပ်ကိုင်နိုင်စွမ်းဆောင်ရွက်နိုင်ခြင်းကိုဖန်တီး၍ တာဝန်ခံခြင်းကို ထိန်းကျောင်းသည်။ အရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမှုအပေါ် ခန့်မှန်းပြန်ရချက်သည် လုပ်ငန်းစဉ်များက သွင်းအားစုများကို ရလဒ်နှင့်အကျိုးရလဒ်များအဖြစ် အချိန်မီ ဆောင်ရွက်နိုင်စွမ်းရှိအောင် ပြောင်းလဲရမည်ဟု လက်ခံမှသာ တိုးပွားမည်ဖြစ်ပါသည်။ စနစ်များ၏ ဆောင်ရွက်နိုင်စွမ်းကို နားလည်သဘောပေါက်ရန်အတွက် သွင်းအားစုများနှင့် လုပ်ငန်းစဉ်အားလုံးကို အဆင့် အမျိုးမျိုးတွင် အချိန်နှင့်တပြေးညီနီးပါး လိုက်လံထောက်လှမ်းနိုင်သည့် ခိုင်မာသော စောင့်ကြည့်စစ်ဆေးခြင်း စနစ်ရှိမှသာ ၎င်းကို တာဝန်ယူဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ စောင့်ကြည့်စစ်ဆေးခြင်းသည် ကွာဟချက်များနှင့် အတားအဆီးနေရာများကို သိရှိအောင် ပြုလုပ်ခြင်း အပြင် အဖွဲ့အစည်းများ၏ တာဝန်ခံမှု အပါအဝင် အတားအဆီး နေရာများ၏ နောက်ကွယ်မှ အကြောင်းရင်း များကိုလည်း သိရှိစေနိုင်ပါသည်။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ကဏ္ဍ၏ ယုံကြည်လောက်သော စစ်ဆေးခံနိုင်သည့် ကိန်းဂဏန်း များနှင့် အားကောင်းသော စောင့်ကြည့်စစ်ဆေးခြင်းသည် မူဝါဒနှင့်

အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို လမ်းညွှန်မှုပြု၍ အဖွဲ့အစည်းများ၏ တာဝန်ခံမှု၊ လုပ်ငန်းစဉ်များနှင့် အကျိုးရလဒ်တို့ကို သေချာစေပါသည်။

- သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကဏ္ဍကို စည်းမျဉ်းနှင့်အညီ ကြီးကြပ်ခြင်းသည် စံသတ်မှတ်ချက်များနှင့် ကိုက်ညီသောစနစ်တစ်ခုကို ရရှိစေလာမည်ဖြစ်ပြီး တာဝန်ရှိသူများ အားလုံးအတွက် အဆင့်တူ ဆောင်ရွက်နိုင်သည့် နယ်ပယ်အားလုံးတွင်ဖမ္မမိဌာန်ကျကျ ဆုံးဖြတ်မှုနှင့် အလုံးစုံ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ လွတ်လပ်သော၊ စည်းကြပ်သူများသည် သဘောတူထားသော ဥပဒေသများနှင့် စံသတ်မှတ်ချက်များကို အခြေခံ၍ အားလုံးအတွက် တစ်ပြေးညီဖြစ်အောင် စည်းကြပ်ပေးပါသည်။ တန်းတူညီမျှမှု၊ မျှတစွာပြုလုပ်ခြင်းနှင့် ဆောင်ရွက် နိုင်စွမ်း ရှိခြင်းတို့သည် စည်းကြပ်မှုဆိုင်ရာ ဥပဒေသ ကို လမ်းညွှန်ပေးပါသည်။

## ၄။ မူဝါဒ၏ အစိတ်အပိုင်းများ

၄.၁။ မူဝါဒ အသိုင်းအဝိုင်းတွင် အောက်ပါ အစိတ်အပိုင်းများ ပါဝင်ပါသည်-

### မူဝါဒ၊ ဥပဒေများနှင့် လမ်းညွှန်ချက်များ

- သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကဏ္ဍကို နိုင်ငံတော်၏ မူဝါဒများ၊ ဥပဒေများနှင့် လမ်းညွှန်ချက်များအောက်တွင် ဆောင်ရွက်ရမည်။ ၎င်းတွင် လက်ရှိကျင့်သုံးနေသော မူဘောင်များအပြင် အခြားလိုအပ်သည့် ဥပဒေအသစ်များ၊ လုပ်ထုံးလုပ်နည်းများအသစ်များ၊ လမ်းညွှန်ချက်များ ပါဝင်ရမည်။ ၎င်းတို့အနက် အချို့သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန၏ တာဝန်ဖြစ်သော်လည်း အချို့ကို အခြားဦးစီး ဌာနများ/ဝန်ကြီးဌာနများ (ဥပမာ- အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု လမ်းညွှန်ချက်များကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန)က (သို့မဟုတ်) တိုင်းဒေသကြီး/ပြည်နယ်များ (သို့မဟုတ်) တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ခြေအဆင့်ဆင့်များက တာဝန်ယူ ဆောင်ရွက် ရပါမည်။ တည်ဆဲပြဋ္ဌာန်းပြီးနှင့် ထပ်မံလိုအပ်သော မူဝါဒများ၊ ဥပဒေများနှင့် လမ်းညွှန်ချက်များ ပြုစုခြင်း အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကုန်ကျစရိတ်ကို တွက်ချက်ထားသော အကောင် အထည်ဖော် ဆောင်ရွက်မှုအစီအစဉ်တွင် အချိန်ကာလအတိုင်းအတာကို သတ်မှတ်ရ ပါမည်။

- သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များအတွက် အနိမ့်ဆုံး စံသတ်မှတ်ချက်များကို သတ်မှတ်ရမည်ဖြစ်ပါသည်။ ၎င်းကို မြို့ကြီးများဖြစ်သော ရန်ကုန်၊မန္တလေး၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီများ၏ အုပ်ချုပ်မှုအောက်တွင်ရှိသော နယ်မြေများမှအပ ကျန်ဒေသများအားလုံးရှိ အိမ်ထောင်စု၊ ကျောင်း၊ ဆေးရုံဆေးခန်းများနှင့် အခြားနေရာများတွင် လက်တွေ့အသုံးပြုရန်အတွက် ဥပဒေနှင့် စည်းကြပ်မှုမူဘောင်၏ အစိတ်အပိုင်းအဖြစ် ပြုလုပ်ရမည်။

- အနိမ့်ဆုံးစံသတ်မှတ်ချက်ပြည့်မီအောင် မဆောင်ရွက်နိုင်ခြင်းသည် ဆောင်ရွက်မှုမရှိခြင်းထက် ဆိုးရွားပါသည်။ အနိမ့်ဆုံးစံသတ်မှတ်ချက်ကို ပြည့်မီအောင် ဖန်တီးနိုင်မှုမရှိပါက သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင်များသည် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြီး ရောဂါများပြန့်နှံ့မှုကို အထောက်အကူဖြစ်စေကာ လူအများကို ပိုမိုကောင်းမွန်သော သန့်ရှင်းရေးကို လက်လှမ်းမီမှုမှ ဝေးကွာစေပါသည်။ ထို့ကြောင့် ဖန်တီးသမျှ မိလ္လာစနစ်တိုင်းသည် ဆောက်လုပ်ခြင်းသာမဟုတ်၊ သုံးစွဲခြင်းနှင့် ပြင်ဆင်ထိန်းသိမ်း ခြင်းများတွင်ပါ အနိမ့်ဆုံး စံသတ်မှတ်ချက်များနှင့် ညီညွတ်ရန် အရေးကြီးပါသည်။

- စံသတ်မှတ်ချက်များသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း သို့မဟုတ် ပူးတွဲစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း အစီအစဉ်များ၏ စံသတ်မှတ်ချက်များနှင့် တူညီရမည်။ ၎င်းတို့သည် အစိုးရငွေကြေးသုံးစွဲမှုအောက်တွင်(ရှိသော) သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မြင့်မားမှုအတွက်သို့မဟုတ် ရှားပါးကိစ္စများ၏ အဆောက်အဦများအတွက် အနိမ့်ဆုံး စံသတ်မှတ်ချက် ဖြစ်ပါသည်။ အခြေခံ အနိမ့်ဆုံးအဆင့်ထက် ပိုမြင့်သော အဆင့်အတန်းများကို ပုဂ္ဂလိက အရင်းအမြစ်များမှ ငွေကြေးကျခံရန် ဖြစ်ပါသည်။

- သဘာဝပတ်ဝန်းကျင် ဆန်းစစ်ခြင်းများသည် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်တစ်ခုခု၏ အစိတ်အပိုင်း ဖြစ်ရမည်။ ပါဝင်ဆောင်ရွက်မှုတိုင်းသည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်လေ့လာချက်များ ပါဝင်သော အားလုံးလွှမ်းခြုံသည့် ချဉ်းကပ်နည်းကို အသုံးပြုရမည်။ ထိုသို့လုပ်ဆောင်ရာတွင် ကဏ္ဍပေါင်းစုံပါဝင်သည့် လုပ်ငန်းဆန်းစစ်ခြင်းလုပ်ငန်းများတွင် အချက်အလက်များကို ရှုထောင့်ပေါင်းစုံမှ ထည့်သွင်းစဥ်းစားလုပ်ဆောင်ရပါမည်။ စနစ်တကျ အကဲဖြတ်သုံးသပ်မှုများမှ ရရှိလာသည့် ရွေးချယ်စရာ နည်းလမ်းများ ပေါ်မူတည်၍ ပါဝင်ဆောင်ရွက်မှု အားလုံးတို့ကို အကဲဖြတ် သုံးသပ်ရပါမည်။ နောက်ဆုံးအဆင့်တွင် ရွေးချယ်လိုက်သော ဆောင်ရွက်မှု လုပ်ငန်းစဉ်သည် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိခြင်း-မရှိခြင်းကို ဆုံးဖြတ်ချက်ချမှတ်ရန် (ကိန်းဂဏန်းဆိုင်ရာနှင့်

အရည်အသွေးဆိုင်ရာ မူလအစိတ်အပိုင်းများ အပါအဝင်) လိုအပ်သော အချက်အလက်တစ်ခုအဖြစ် ကုန်ကျစရိတ်နှင့် အကျိုးအမြတ် စိစစ်တွက်ချက်မှုအပေါ်အခြေခံ၍ စဉ်းစားရပါမည်။ ပါဝင်ဆောင်ရွက်မှု တစ်ခုစီသည် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်နိုင်သည့် အတိုင်းအတာအထိ စီမံလျှော့ချရမည်။ သုံးစွဲမှုလျှော့ချခြင်းနှင့် ပြန်လည်အသုံးပြုခြင်း ချဉ်းကပ်မှုနည်းလမ်းများကို အားပေးမြှင့်တင်ရပါမည်။ ပတ်ဝန်းကျင်ကိုညစ်ညမ်းစေပြီးမှ ပြန်လည်သန့်စင်ခြင်းထက် သုံးစွဲမှုကို လျှော့ချခြင်းနှင့် ပြန်လည်ပြုပြင်သုံးစွဲခြင်းကို အားပေးခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်ပါမည်။ စည်းမျဉ်းစည်းကမ်းဥပဒေများသည် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ကာကွယ်ရန်အတွက် အသိပညာများ မြင့်မားလာစေရန် အသိပညာပေးခြင်းနှင့် အထက်အဆင့်ဆင့်သို့ တင်ပြဆွေးနွေးခြင်း တို့ကို ပြည့်စုံအောင် ဖြည့်စွက်ပေးရပါမည်။

**အဖွဲ့အစည်းဆိုင်ရာ မူဘောင်**

- မူဝါဒ၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စည်းမျဉ်း၊ စည်းကမ်းများ ချမှတ်ဆောင်ရွက်ခြင်း အဆင့်တို့တွင် ကဏ္ဍအသီးသီးအတွက် တာဝန်ရှိသော အဖွဲ့အစည်းများကို သတ်မှတ်ရပါမည်။

- ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကဏ္ဍကို ပြည်ထောင်စုအဆင့်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဦးဆောင်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ စံသတ်မှတ်ချက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီး ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ပြုစုပြီး လမ်းညွှန်ချက်များကို ထုတ်ပြန်ရပါမည်။ ဥပဒေနှင့် စည်းကြပ်မှု မူဘောင်များကို အထောက်အကူပေးပါမည်။ အလားတူ တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးမြှင့်တင်ရေး ကဏ္ဍတွင် လမ်းညွှန်ရပါမည်။ လုပ်ငန်းစဉ်အဆင့်ဆင့် အားလုံးတွင် တက်ကြွစွာလှုပ်ရှားသည့် မတူကွဲပြားသော တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ အစိုးရအဆောက်အဦများဆောက်လုပ်ခြင်းအတွက် ငွေကြေး ထောက်ပံ့ရပါမည်။ ကဏ္ဍအတွင်း တိုးတက်မှုနှင့် ရေ့ရှုရာလမ်းကြောင်းများတို့ကို စောင့်ကြည့် စစ်ဆေးရပါမည်။

- သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မြှင့်တင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ လူထုလှုပ်ရှားမှုများကို တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဝန်ကြီးဌာန/ ဦးစီး ဌာနများက တာဝန်ယူဆောင်ရွက်ရပါမည်။ ၎င်းတို့သည် ရပ်ရွာနှင့် အိမ်ထောင်စုအဆင့် အထိ

တာဝန်ရှိသူများသို့ သတင်းစကားများ ရောက်ရှိခြင်း၊ သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းရနိုင်မှု ကွင်းဆက်နှင့် ဈေးကွက်များတို့ကို လွယ်ကူချောမောစေခြင်း၊ ရလဒ်နှင့် အကျိုးရလဒ်တို့ကို စောင့်ကြည့်စစ်ဆေးခြင်း တို့ကို သေချာစေရန် အတွက် လုပ်ငန်းစဉ်ကို ကြပ်မတ်ခြင်း၊ လမ်းညွှန်ခြင်းဆောင်ရွက်ရပါမည်။ တိုင်းဒေသကြီး /ပြည်နယ် အောက်အဆင့် အဖွဲ့အစည်းများရှိ မြို့နယ်နှင့် ကျေးလက်ကျန်းမာရေး ဌာနများသည် အမှန်တကယ် အကောင်အထည်ဖေါ်ဆောင်ရွက်မှုနှင့် စောင့်ကြည့် စစ်ဆေးမှုတို့ကို ဆောင်ရွက်ရမည်။

- ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် အလှူရှင်များသည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အဆင့်မြှင့်တင်ခြင်းအတွက် ငွေကြေးနှင့် နည်းပညာအကူအညီ ထောက်ပံ့ခြင်း၊ ပစ္စည်းရနိုင်မှုကွင်းဆက်များနှင့် စောင့်ကြည့်စစ်ဆေးခြင်း၊ ငွေထောက်ပံ့သည့် ချဉ်းကပ်မှုနည်းလမ်း စသည်တို့ ပါဝင်သော စနစ်များကို ထူထောင်ခြင်းတို့အားဖြင့် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကဏ္ဍတွင် ပါဝင်ရမည်။ ၎င်းတို့သည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ကဏ္ဍအတွင်း ပြည်တွင်းနှင့် ပြည်ပမှ အကောင်းဆုံး အလေ့အကျင့်နှင့် လုပ်ဆောင်မှု များကို မှတ်တမ်းတင်ရန် နှင့် ဖြန့်ဝေရန် အထောက်အကူပြုရပါမည်။

- သန့်ရှင်းရေးဆိုင်ရာ အိမ်သာသုံးပစ္စည်း ထုတ်ကုန်များကို အိမ်ထောင်စုများ အသုံးပြုနိုင်ရန် (သို့မဟုတ်) ရောင်းချသူများကို ရောင်းချရန်ဆောင်ရွက်ရာတွင် လွယ်ကူသက်သာ သော အတိုးနှုန်း နည်းပါးသည့် ချေးငွေများ ထောက်ပံ့နိုင်စေရန်အတွက် ဘဏ်များ၊ ငွေစုငွေချေး သမဝါယမ အသင်းများ၊ အသေးစား ငွေချေးလုပ်ငန်းများကဲ့သို့သော ဘဏ္ဍာရေးအဖွဲ့အစည်းများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် သင့်လျော်သော ဦးဆောင်အဖွဲ့အစည်းများက လွယ်ကူချောမွေ့မှု ရှိအောင် ပံ့ပိုးပေးရပါမည်။

- အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ကို အထောက်အကူပြုရန်၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ကဏ္ဍတွင် ပါဝင်သော အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်၊ ရလဒ်နှင့် အကျိုးရလဒ်များကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် တာဝန်ခံမှုတို့ကို လွယ်ကူချောမွေ့စေရေးအတွက် ပံ့ပိုးရန်နှင့် အကောင်းဆုံး အလေ့အကျင့်/ လုပ်ဆောင်မှုများကို မှတ်တမ်း တင်ဖြန့်ဝေခြင်းကို အထောက်အကူပြုရန် တို့အတွက် အကောင် အထည်ဖော်

ဆောင်ရွက်နေသော ကိုယ်စားလှယ်များ အချင်းချင်း လွယ်ကူစွာ လက်တွဲဆောင်ရွက် နိုင်ရန် ပြုလုပ်ပေးရမည်။

• သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပေးရန်၊ အဆောက်အဦ ဆောက်လုပ်ရန်နှင့် ရေရှည်ပြင်ဆင်ထိန်းသိမ်းရန် အလို့ငှာ မိမိဘာသာ ရပ်တည်နိုင်သော ပစ္စည်းရနိုင်မှု ကွင်းဆက်နှင့် ဈေးကွက်များကို ထူထောင်ရာတွင် လွယ်ကူချောမွေ့ စေရေးအတွက် ပုဂ္ဂလိကကဏ္ဍ အရင်းအမြစ်များကို ပံ့ပိုးပေးရမည်။ အိမ်သာတွင်းများကို စုပ်ထုတ်ခြင်း လုပ်ငန်း၊ သယ်ပို့ခြင်းလုပ်ငန်းနှင့် မစင်အနှစ်နှင့်ချိုးများကို စီမံခန့်ခွဲသည့် လုပ်ငန်းများ ထူထောင်နိုင်ရန် အတွက် ပုဂ္ဂလိကကဏ္ဍကို ပံ့ပိုးပေးရပါမည်။

• အိမ်ထောင်စုများသည် ၎င်းတို့၏ အိမ်သာများနှင့် လက်ဆေးရန်နေရာများကို အစိုးရက ပြဌာန်းသည့် အနိမ့်ဆုံး စံသတ်မှတ်ချက်အတိုင်း ဆောက်လုပ်ရန်၊ ပြင်ဆင်ထိန်းသိမ်းရန်နှင့် ကောင်းမွန်သော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အမူအကျင့်တို့ကို လက်ခံကျင့်သုံးရန် တာဝန်ရှိပါသည်။

• ဘာသာရပ်ဆိုင်ရာကဏ္ဍအသီးသီးအတွက် နည်းပညာဆိုင်ရာ ထောက်ကူပြု လုပ်ငန်းအဖွဲ့ များကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ အဆင့်ဆင့်တွင် ဖွဲ့စည်းရမည်။ ထိုအဖွဲ့များသည် ပြဿနာများ အပေါ် ဆွေးနွေးရန်၊ အတွေ့အကြုံများကို ဖလှယ်ရန်နှင့် အဖြေရှာရန် အတွက် ပုံမှန် အစည်းအဝေးများကို ပြုလုပ်ရမည်။

**တင်ပြဆွေးနွေးခြင်းနှင့် ရလိုမှုဖန်တီးခြင်း**

• သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို မြှင့်တင်ရန် ပါဝင်ဆောင်ရွက်ခြင်း ချဉ်းကပ်မှု လုပ်ငန်းစဉ်ကို ပြည်သူလူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေး/ ပြည်သူလူထု ချဉ်းကပ်မှုဖြင့် အလုံးစုံသန့်ရှင်းရေး လုပ်ငန်းစဉ်နှင့်အတူ အသုံးပြုရပါမည်။ အိမ်ထောင်စုများအတွင်း သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မြှင့်တင်ခြင်းကို ရပ်ရွာလူထုက ခေါင်းဆောင်မှု အခန်းကဏ္ဍကိုယူသော ပါဝင်ဆောင်ရွက်ခြင်း ချဉ်းကပ်မှုနည်းလမ်းကို အသုံးပြု၍ ဆောင်ရွက် ရပါမည်။ အသိပညာပေးမြှင့်တင်ခြင်း လုပ်ငန်းသည် လက်ရှိယုံကြည်မှုများ၊ အလေ့အကျင့်များနှင့် ခံယူချက်များအတွက် ၎င်းတို့၏ နောက်ကွယ်မှ တွေးခေါ်ဆင်ခြင်မှု နည်းလမ်းကို နားလည် သဘောပေါက်ရမည်။ ကျန်းမာရေးဆိုင်ရာ အချက်အလက် များသည် သတင်းစကားပေးပို့ခြင်း၏

အဓိက အစိတ်အပိုင်းများအနက် တစ်ခုဖြစ်ရပါမည်။ ပြည်သူ လူထုအတွင်း ကောင်းမွန်ခြင်းမရှိသော သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးတို့အကြား ချိတ်ဆက်မှုကို အပြည့်အစုံ နားလည်သဘောပေါက်အောင် ထောက်ပံ့ပေးရပါမည်။ ရပ်ရွာလူထုကို သတင်းစကား ပေးပို့ခြင်းသည် ဤနားလည်သဘောပေါက်မှုကို အခြေပြုရမည်။ ရှက်ခြင်း၊ ဂုဏ်သိက္ခာ၊ တစ်ကိုယ်ရေလွတ်လပ်ခြင်း၊ အဆင့်အတန်း၊ လွယ်ကူသက်သာမှု ကဲ့သို့သော အခြားအချက်အလက် အခြေအနေများကိုလည်း ဖြည့်စွက်စဉ်းစားရမည်။ ကောင်းမွန်သော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်များကို လက်ခံကျင့်သုံးရန် ဘဝတူများ၏ တိုက်တွန်းလှုံ့ဆော်မှု နည်းလမ်းကို ရေရှည်တည်တံ့သော အမူအကျင့် ပြောင်းလဲခြင်းတို့အတွက် လက်ခံကျင့်သုံးရမည်။

- သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းကို အသိပေးဆွေးနွေးရန်နှင့် လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် နည်းလမ်းမျိုးစုံကို အသုံးပြုရပါမည်။ ပဏာမချဉ်းကပ်မှု နည်းလမ်းသည် အုပ်စုတွင်းအချင်းချင်း အပြန်အလှန်ဆက်သွယ်ခြင်းဖြစ်ရမည်။ ရပ်ရွာလူထုအား အခြေအနေကို ခွဲခြမ်းစိတ်ဖြာ နားလည်နိုင်အောင် ကူညီရန်နှင့် ရှေ့ဆက်ဆုံးဖြတ်ချက်များ ချမှတ်ရန် စုစည်း၍ နှိုးကြားတက်ကြွခြင်း ဖြစ်စဉ်များကို တာဝန်ယူဆောင်ရွက်ရပါမည်။ ၎င်းတို့ကို လူထုဆက်သွယ်မှုလမ်းကြောင်း၊ ဇာတ်ရုံ (ဇာတ်ပွဲ) ကဲ့သို့ ရိုးရာဆက် သွယ်မှုလမ်းကြောင်းများ နှင့်အတူ လူမှုရေးကွန်ယက် (Facebook, WhatsApp messaging, etc.) တို့မှ တစ်ဆင့် သတင်းစကား ဖြန့်ဝေခြင်းဖြင့် ဖြည့်စွက်ရပါသည်။
    - o လူထုအတွင်းနားလည်သဘောပေါက်မှု၊ အလေ့အကျင့်များကျင့်သုံးမှုနှင့် ၎င်းအလေ့အကျင့်များကို ပြောင်းလဲရန် လိုအပ်ချက်တို့အပေါ် အခြေခံ၍ သတင်းစကားဖြန့်ဝေခြင်းကို လုပ်ဆောင်ရမည်။ ၎င်းသတင်းအချက်အလက်များတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် လိုအပ်ခြင်းနှင့် ၎င်းကို ရရှိနိုင်ရန်အတွက်(နည်းပညာ ဆိုင်ရာ၊ ငွေကြေးဆိုင်ရာ) ရွေးချယ်စရာ အမျိုးမျိုးတို့ပါဝင်ရမည်ဟု သတ်မှတ်ပြီးဖြစ်ပါသည်။ အကူအညီပေးသည့် နည်းပညာဆိုင်ရာ ဖြေရှင်းချက်များသည် နေရာအလိုက် တိကျရပါမည်။ ထူးခြားသောနေရာများ (ဥပမာ – ရေကြီးသော၊ ရေရှားသောနေရာများ)၏ စိန်ခေါ်မှုများကို ဖြေရှင်းရန် စွမ်းဆောင်နိုင်ရပါမည်။ ပြည်သူလူထု၏ အကုန်အကျခံနိုင်မှု အပေါ်မူတည်၍ရွေးချယ်ဆုံးဖြတ်နိုင်ခွင့်ရှိရပါမည်။
    - o ရပ်ရွာလူထုသည် စီမံချက်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အဆောက်အဦ

များကို ပြင်ဆင်ထိန်းသိမ်းခြင်း၊ အမူအကျင့်ပြောင်းလဲခြင်းများတွင် ဦးဆောင်မှု အခန်းကဏ္ဍ ယူရပါမည်။

၀ ဝင်ရောက်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်တွင် ကောင်းမွန်သန့်ရှင်းသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကို ရေရှည်တည်တံ့စွာ အသုံးပြုခြင်းသည် လူ့အဖွဲ့အစည်း၏စံ အဖြစ် ထားရှိရပါမည်။ ပြုလုပ်မှုလုပ်ငန်းစဉ်တွင် ကောင်းမွန်သန့်ရှင်းသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်များကို အသုံးပြုခြင်းသည် ဘဝနေနည်းတစ်ခု၊ လူ့အဖွဲ့အစည်း၏ စွဲမြဲသွားစေမည့်အမူအကျင့်တစ်ခု ဖြစ်လာစေရန် ဦးဆောင်ရပါမည်။

- အခမ်းအနားအမျိုးမျိုးနှင့် ဖိုရမ်များကို ကောင်းမွန်သန့်ရှင်းသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး သတင်းစကားများကို မြှင့်တင်ရန် အသုံးပြုရပါမည်။ ကမ္ဘာ့ရေနေ့၊ ကမ္ဘာ့ ရေအိမ်နေ့၊ ကမ္ဘာ့လက်ဆေးနေ့၊ သန့်ရှင်းရေး ရက်သတ္တပတ်ကဲ့သို့သော အခွင့်အလမ်းအမျိုးမျိုးကို အသုံးပြုရပါမည်။ တာဝန်ရှိသူများ အတွေ့အကြုံရရန်နှင့် မျှဝေနိုင်စေရန် ပုံမှန်အစည်းအဝေးများ၊ ညီလာခံများနှင့် အခြားအခမ်းအနားများကို ကျင်းပပေးခြင်းဖြင့် သတင်းစကားများကို အားဖြည့်ရန် ကူညီနိုင်ပါမည်။

- ရပ်ရွာလူထုအကြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်ရှိလာရန် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အသိပညာပေးခြင်းကို မြှင့်တင်ရမည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် ထိခိုက်လွယ်မှုတို့ကို လူအများအကြား သတိပြုမိစေရန်အတွက် လှုပ်ရှားမှုများကို ကျောင်းများ၊ ရပ်ရွာလူထုအတွင်း လူထုဆက်သွယ်ရေးနှင့် လူမှုဆက်သွယ်ရေးလမ်းကြောင်းများမှတဆင့် ပြုလုပ် ရပါမည်။

- ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များတွင် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျော ညီထွေ ဖြစ်စေရေး တို့ကို ၎င်းတို့၏ ဦးစားပေးလုပ်ငန်းအဖြစ် ပါဝင်စေရမည်။

## နည်းပညာ ရွေးချယ်စရာများ

- သန့်ရှင်းရေး နည်းပညာ၏ ဥပဒေသများကို လူတိုင်းအား အသိ ပေးရမည်။ မစင်ကို ယင်ကောင်ကဲ့သို့ ပိုးသယ်ဆောင်သူများမှ ခွဲခြားခြင်း၊



မစင် များနှင့် ထိတွေ့သော ရေ၊ အိမ်သာကျင်း နှင့် ရေအရင်းအမြစ် အကွာအဝေး စသည့် အခြေခံဥပဒေသများကို ပြည်သူအားလုံးအား အသိပေး ထားရမည်။ အိမ်သာများ၏ စနစ်ပုံနှင့် ဒီဇိုင်းများ ပါဝင်သော အသေးစိတ် နည်းပညာ သတင်းအချက် အလက်များကို ပန်းရန်များ၊ အင်ဂျင်နီယာများနှင့် အလားတူပုဂ္ဂိုလ်များကို အသိပေးနိုင်ရပါမည်။

- နည်းပညာများ၏ များပြားသော ရွေးချယ်စရာများကို တန်ဖိုးမျှခြေ အမျိုးမျိုးဖြင့် တင်ပြရမည်။ တင်ပြသော နည်းပညာများသည် အနိမ့်ဆုံး စံသတ်မှတ်ချက်နှင့် ကိုက်ညီ ရမည်။ ထို့အပြင် သန့်ရှင်းရေး လှေကားထစ်ပုံစံ၏ အထစ်တိုင်းတွင် ကွဲပြားသောတန်ဖိုးမျှခြေ ရှိသည့် ရွေးချယ်စရာ အမျိုးမျိုးကို အိမ်ထောင်စုများကို သတင်းပေးရမည်။ ကျန်းမာရေး၊ အသုံးဝင်ပုံနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်များနှင့်ကိုက်ညီသော ထူးခြားသည့် နည်းပညာ ရွေးချယ်ခြင်းကို အိမ်ထောင်စု၏ အကုန်အကျခံနိုင်မှုအဆင့်ကို အခြေခံ၍ ဆောင်ရွက်ရမည်။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အနိမ့်ဆုံး စံသတ်မှတ်ချက်ကို လက်ခံပြီးနောက် အိမ်ထောင်စုသည် ၎င်းတို့၏ အကုန်အကျခံနိုင်မှု မြင့်မားလာသည့်အလျှောက် ကိုယ်ပိုင်ငွေကြေးကို အသုံးပြု၍ သန့်ရှင်းရေးလှေကားကို တက်ရန်ဆောင်ရွက်ရမည်။ အဆောက်အအုံ၏ အပေါ်ပိုင်းကို သာမဟုတ်ပဲ အဆောက်အအုံ၏ အောက်ပိုင်းနှင့် ကြမ်းခင်းခံုကို အာရုံစူးစိုက် ဆောင်ရွက်ရမည်။
- ဆုံးဖြတ်ချက်ကို လွယ်ကူစွာချမှတ်နိုင်ရန် နည်းပညာ အသွယ်သွယ်ကို စီစဉ်ထောက်ပံ့ ပေးရမည်။ သုံးစွဲရန် အဆင်ပြေခြင်း၊ ဆေးကြောရန်နှင့် သန့်ရှင်းရန် ရေရရှိခြင်းနှင့် အိမ်သာ ကုန်ကျစရိတ်တန်ဖိုးတို့သည် နည်းပညာအသွယ်သွယ် ဖန်တီးရန်၊ လိုအပ်သော သတ်မှတ်ချက်များ အနက်မှ အချို့ ဖြစ်ပါသည်။
- ဖြန့်ဖြူးမည့် နည်းပညာများသည် အသုံးပြုကြည့်ပြီး စမ်းသပ်ပြီး ဖြစ်ရပါမည်။ အဆိုပြုသော နည်းပညာဆိုင်ရာ ရွေးချယ်စရာများသည် လူမှုရေး-ယဉ်ကျေးမှုဆိုင်ရာ၊ မြေမျက်နှာသွင်ပြင်ဆိုင်ရာ၊ နည်းပညာဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ ရှုထောင့်အမျိုးမျိုးတို့တွင် လိုက်လျောညီထွေရှိမှုကို စမ်းသပ် တွေ့ရှိပြီး ဖြစ်ရပါမည်။ နည်းပညာသည် သုံးစွဲရန် လွယ်ကူရမည်။ နည်းပညာ သတ်မှတ်ချက်များနှင့် ညီညွတ်ရမည်။ လူအများ အကုန်အကျခံနိုင်ရပါမည်။ လက်တွေ့အသုံးချခြင်း မပြုလုပ်ထားသော နည်းပညာ အသစ်၏ စံပြစီမံချက် သို့မဟုတ် စမ်းသပ်ခြင်းကို လူထုအကြား မပျံ့နှံ့စေရ၊ မဖြန့်ဖြူးရပါ။ နည်းပညာများသည် ယုံကြည်စိတ်ချလောက်ပြီး ဆောက်လုပ်ရန်နှင့် အသုံးပြုရန် ရှုပ်ထွေးမှု နည်းပါးရမည်။ ၎င်းသည် တည်ရှိနေသော သီးခြားစိန်ခေါ်မှုများ (ဥပမာ – မြေအောက်ရေ မြင့်တက်ခြင်း၊ ကမ်းရိုးတန်းဒေသများ၊ ဒီရေအတက်အကျရှိသော ဒေသများ၊ ကျောက်မြေများ၊

တောင်၏အနေအထားများ၊ စစ်ဘေးရှောင်စခန်းများ၊ စသည်တို့) အပါအဝင် ဒေသအခြေအနေများနှင့် လိုက်လျောညီထွေ ရှိရမည်။

- ဒေသတွင်းရှိ နည်းပညာ၊ အခြေအနေများ၊ ပစ္စည်းနှင့် ကျွမ်းကျင်မှုတို့ကို အသုံးပြုရပါမည်။ ဤ အရာများကို ဖြစ်နိုင်သမျှ ဒေသတွင်း ရရှိနိုင်ရမည်။ အခြားတစ်နေရာမှ တင်သွင်း အသုံးပြုမည်ဆိုပါက ခိုင်မာသော အကြောင်းပြချက် ရှိရပါမည်။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ မှုရှိရုံသာမက ၎င်းတို့သည် ဒေသရှိပစ္စည်းများနှင့် ဝန်ဆောင်မှုများရရှိမှုကြောင့် ကာလရှည်ကြာအောင် ပိုမိုတည်တံ့နိုင်ပါမည်။ ပိုမိုဈေး သက်သာရပါမည်။ ထို့အပြင် ဒေသခံ အရောင်းပြခန်းများနှင့် အလုပ်ရုံ/စက်ရုံများကိုလည်း အားပေးရပါမည်။ နည်းပညာ ရွေးချယ်စရာကို ဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အခြားအချက်အလက်အချို့မှာ မြေကြီး၏ အခြေအနေ၊ ရေရှိနိုင်မှု၊  ရေစိမ့်နှုန်းနှင့် ရေကြီးရေလျှံမှု အခြေအနေတို့ ဖြစ်ကြပါသည်။
- နည်းပညာသည် တန်းတူညီမျှမှုကို မြှင့်တင်၍ မသန်စွမ်းသူအတွက် လွယ်ကူစေနိုင်ရပါမည်။ နည်းပညာရရှိနိုင်မှုသည် အိမ်ထောင်စုများအကြား ခြားနားမှုကို မဆိုးဝါးစေရပါ။ နည်းပညာ၏ အနိမ့်ဆုံး စံသတ်မှတ်ချက်များသည် အနွမ်းပါးဆုံးနှင့် ထိခိုက်လွယ်သော မိသားစုများအတွက်ပင် အကုန်အကျ ခံနိုင်သောနှုန်းဖြင့် ရရှိနိုင်ရပါမည်။ နည်းပညာရွေးချယ်စရာများသည် သုံးစွဲသူများကို အထူးသဖြင့် အမျိုးသမီးများ၊ ကလေးများ၊သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို လွယ်ကူမှု ရရှိစေရပါမည်။
- နည်းပညာသည် အရင်းအမြစ်များ ညစ်ညမ်းမှုကို ကာကွယ်ထိန်းသိမ်းနိုင် ရပါမည်။ အဆင့်မြှင့်တင်ထားသော နည်းပညာသည် ရေမသုံးရသော သို့မဟုတ် ရေကို ချွေတာသော/ ရေအသုံးနည်းသည့် အိမ်သာများကို အသုံးပြုရန်၊ သန့်စင်ပြီးသော မစင်များကို စိုက်ပျိုးရေးနှင့် အခြားသဘာဝ အလျောက်သုံးရန်တို့ကို အသိပညာပေးဆွေးနွေးပေးခြင်းဖြင့် အရင်းအမြစ်များကို အထူးသဖြင့် ရေကို ထိန်းသိမ်းပါသည်။

### ပစ္စည်းရရှိနိုင်မှုကွင်းဆက်နှင့် ဈေးကွက်

- ဈေးကွက်ကို အခြေခံသော ချဉ်းကပ်မှုနည်းလမ်းသည် ပစ္စည်းရရှိနိုင်မှုကွင်းဆက်ကို အခြေခံရ ပါမည်။ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုတို့အတွက် ပုဂ္ဂလိကကဏ္ဍကို မြှင့်တင်ပေးရမည်။ ဒေသခံ ပန်းရန်များ၊ ဒေသမှလက်လီအရောင်းဆိုင်များ၊ ထုတ်ကုန်များ ဖြည့်ဆည်းရောင်းချခြင်း၊ အဆောက်အဦ ဆောက်လုပ်ခြင်း၊ ရေရှည်သုံးစွဲခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းတို့အတွက် ဒေသခံ

ဝန်ဆောင်မှု ပေးသူများတို့အတွက် ဖြစ်နိုင်သည့် အတိုင်းအတာအထိ ဗဟိုချုပ်ကိုင်မှုကို လျှော့ချပေးရမည်။

• ပုဂ္ဂလိကကဏ္ဍကို လွယ်ကူချောမွေ့စေရေးအတွက် တာဝန်ယူ ပံ့ပိုးဆောင်ရွက်ရမည်။ အစိုးရဌာနများသည် ဈေးကွက်ကို နားလည်၍ သုံးစွဲသူများအကြိုက် ဈေးကွက်ကို အခြေပြုသော အကြွေးစနစ်နှင့် အလားတူပုဂ္ဂလိက ကဏ္ဍအား ချောမွေ့အောင် ပံ့ပိုးခြင်းဖြင့် ၎င်းတို့၏ အင်အားရှိသော အခန်းကဏ္ဍကို မိမိတို့ကိုယ်တိုင် ကန့်သတ်ထားရမည်။ အစိုးရအဖွဲ့အစည်းများသည် ခိုင်မာသော အကြောင်းပြချက်ရှိသော အရှားပါးဆုံး အခြေအနေများမှလွဲ၍ ထုတ်ကုန်ပစ္စည်းများ ဖြန့်ဖြူးခြင်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် မပါဝင်ရပါ။

• မျှတသော ပြိုင်ဆိုင်မှုသည် ဆောင်ရွက်နိုင်စွမ်း ရရှိစေရန်အတွက် အရေးကြီးသည်။ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍတို့အတွက် ပွင့်လင်းမြင်သာသော လွယ်ကူစေမှု ဝန်းကျင်တစ်ခုကို ထောက်ပံ့ပေးသော မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းချမှတ်ခြင်းစသော ဝန်းကျင်အခြေအနေများသည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ကဏ္ဍ၏ ရေရှည်တည်တံ့မှုအတွက် အရေးပါသော ပုဂ္ဂလိကဈေးကွက်များ ပေါ်ပေါက်လာရန် အတွက် မရှိမဖြစ် လိုအပ်ပါသည်။

**ငွေကြေးအရင်းအမြစ်များနှင့် ငွေကြေးထောက်ပံ့ခြင်း**

• အရင်းအမြစ်များကို အကျိုးရှိစွာ သုံးစွဲခြင်းသည် သော့ချက် ဖြစ်ပါသည်။ အစိုးရ အရင်းအမြစ်များသည် အကျိုးရှိမှု အများဆုံးပေးသည်ကို သေချာစေရန် ငွေကြေးဆိုင်ရာနှင့် အခြားအရင်းအမြစ်များကို အထူးသတိထား၍ အကျိုးရှိစွာ အသုံးပြုရပါမည်။ အများပြည်သူဆိုင်ရာ အရင်းအမြစ်များ (အစိုးရ၊ အလှူရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ စသည်တို့၏ ငွေများ) ကို ကျန်းမာရေးဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ လျာထားချက်များကို ပြည့်မီရန် အနည်းဆုံး လိုအပ်သော အသိပညာမြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း အတွက်သာ သုံးစွဲရပါမည်။ ထောက်ပံ့ငွေများသည် ပုဂ္ဂလိကပစ္စည်းများ (အိမ်ထောင်စု အိမ်သာများကဲ့သို့) မဟုတ်သည့် အစိုးရ အသုံးစရိတ် (ဥပမာ- အသိပညာမြှင့်တင်ခြင်း၊ အစိုးရ ကျောင်းအိမ်သာများ)သို့ ဦးတည်ရပါမည်။

• ရလဒ်နှင့် အကျိုးရလဒ်ကို အခြေခံသော ငွေသုံးစွဲခြင်းဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်း။ ထည့်ဝင်သုံးစွဲသည့်ဘဏ္ဍာငွေ သုံးစွဲမှုပမာဏသည် ရရှိလာမည့် ရေတိုရေရှည်အကျိုးရလဒ်များနှင့် အချိုးကျ ကိုက်ညီရပါမည်။ အဖွဲ့တစ်ခုစီ၏ သုံးစွဲသောငွေကြေးမှ ရလဒ်နှင့်အကျိုးရလဒ် အများဆုံး

ရရှိစေရန် စီမံချက်ရေးဆွဲခြင်း၊ အစီအစဉ်သည် အဆိုပြုသည့်အတိုင်း လုပ်ဆောင်မှုရှိ/မရှိ သေချာစေရန်အတွက် ခြေရာခံကြည့်ရှုခြင်းတို့သည် လုပ်ငန်းစဉ်၏ အစိတ်အပိုင်းများ ဖြစ်ကြပါသည်။

- တစ်သက်တာ ကုန်ကျစရိတ် ချဉ်းကပ်မှုနည်းလမ်းကို လက်ခံကျင့်သုံးရမည်။ ပါဝင်ဆောင်ရွက်မှု တစ်ခုအတွက် ကုန်ကျစရိတ်နှင့် အကျိုးအမြတ် ဆန်းစစ်ရာ၌ စုစုပေါင်း ကုန်ကျစရိတ်များတွင် ငွေလုံးငွေရင်း အသုံးစရိတ်နှင့် သာမန်အသုံးစရိတ်များကို စဉ်းစားရမည်။ အကယ်၍ ကုန်ကျစရိတ် တစ်ခုချင်း (ငွေလုံးငွေရင်း၊ သာမန်) သည် မြင့်မားနေပါက သို့မဟုတ် နည်းပါးနေပါက နှိုင်းယှဉ်စရိတ်အဖြစ် အခြေခံ၍ မရပါ။ သို့သော် အလုံးစုံ တစ်သက်တာ စရိတ်အတွက် ထည့်သွင်းတွက်ချက်ရပါမည်။ မည်သို့ပင်ဆိုစေကာမူ သီးသန့် ပါဝင်ဆောင်ရွက်မှု တစ်ခု၏ ကုန်ကျစရိတ် ပြည့်မီရန်အတွက် ငွေကြေးသုံးစွဲရာတွင် ပုဂ္ဂလိကအရင်းအမြစ်အပြင် လိုအပ်ပါက အများပြည်သူဆိုင်ရာ အရင်းအမြစ်များကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။
- ပါဝင်ဆောင်ရွက်ခြင်းအတွက် ရေရှည်ကုန်ကျစရိတ်ကို ပြင်ဆင်ထားရမည်။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ကဏ္ဍအတွက် လိုအပ်သည့် ကုန်ကျစရိတ်၏ စုစုပေါင်းကို ၎င်း၏ ၂၀၃၀ ပြည့်နှစ် ပန်းတိုင်ကို ပြည့်မီရန် အစိတ်အပိုင်းအလိုက် ကုန်ကျငွေများဖြင့် ခွဲစိတ်တွက်ချက်ရမည်။ ကုန်ကျစရိတ်တွင် အိမ်ထောင်စုများနှင့် အဖွဲ့အစည်းများအတွက် ငွေလုံး ငွေရင်း ကုန်ကျစရိတ်များ၊ သုံးစွဲခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းစရိတ်၊ အသိပညာမြှင့်တင်ခြင်းစရိတ်၊ စောင့်ကြည့် စစ်ဆေးခြင်းတို့ ပါဝင်ရမည်။ အစိုးရဘဏ္ဍာရေး အထောက်အပံ့၊ အလှူရှင် အထောက်အပံ့၊ ပုဂ္ဂလိကကဏ္ဍ အထောက်အပံ့၊ အိမ်ထောင်စုအထောက်အပံ့စသည့် ကျယ်ပြန့်သော ငွေကြေးအရင်းအမြစ်များကိုလည်း ငွေကြေးထောက်ပံ့သည့် အရင်းအမြစ်များဟု နားလည်ရပါမည်။
- ပုဂ္ဂလိက လိုအပ်ချက်အတွက် အများပြည်သူဆိုင်ရာ ငွေကြေးအရင်းအမြစ်ကို သုံးစွဲရာတွင် ပွင့်လင်းမြင်သာရှိမှုနှင့် အချက်အလက်များကို အခြေခံ၍ ချမှတ်ထားသောမူတို့အပေါ် အခြေခံရမည်။ ရှားရှားပါးပါး ကိစ္စရပ်များတွင် အများပြည်သူဆိုင်ရာ ငွေကြေးအရင်းအမြစ်ကို အိမ်ထောင်စုအတွက် အိမ်သာဆောက်လုပ်ခြင်းကဲ့သို့သော ပုဂ္ဂလိကလိုအပ်ချက်အတွက် သုံးစွဲနိုင်သည်။ ဤကိစ္စသည် အိမ်သာဆောက်လုပ်ရန်နှင့် ပြင်ဆင်ထိန်းသိမ်းရန် ကုန်ကျစရိတ်များအတွက် လိုအပ်ချက်ပေါ် မူတည်၍ ထောက်ပံ့ခြင်းဖြစ်သည်။ ပွင့်လင်းမြင်သာရှိမှုနှင့် ရည်ရွယ်ချက်နှင့်အညီ ချမှတ်ထားသော မူကို အခြေခံ၍ သတ်မှတ်ချက်နှင့် ကိုက်ညီသူများအတွက် သုံးစွဲသည်မှာ မှန်ကန်ကြောင်း တင်ပြရန် လိုပါသည်။ အခြေခံသတ်မှတ်ချက်များအနေဖြင့် အိမ်ထောင်စု၏ ငွေကြေးဆိုင်ရာ မပြည့်စုံခြင်း ဖြစ်ပါသည်။ ထို့အပြင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ မိဘတစ်ဦးတည်းရှိသော

အိမ်ထောင်စုများနှင့် ကိုယ်ကာယဆိုင်ရာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုရှိနေသူများ တို့ကိုလည်း ထည့်သွင်းစဉ်းစား ရမည် ဖြစ်ပါသည်။ ဤမူများသည် ထောက်ပံ့ခြင်းနှင့် အိမ်သာများ ဆောက်လုပ်မှု ပြီးစီးခြင်း၊ အစဉ်တစိုက် သုံးစွဲခြင်း၊ ရေရှည်တည်တံ့ခြင်း စသည့် အလုပ်ပြီးမြောက်မှု သီးခြားရလဒ်နှင့် အကျိုးရလဒ်များအပေါ် အကောင်းဆုံး အဆိုပြုချက် ဖြစ်ပါသည်။

- ဘဏ္ဍာငွေရရှိမှုအပေါ် အခြေခံ၍ တစ်ဖွဲ့ခြင်းကို ငွေကြေးထောက်ပံ့ရပါမည်။ သီးခြား တစ်ဖွဲ့ချင်း ဥပမာ တိုင်းဒေသကြီး/ ပြည်နယ် သို့မဟုတ် ရပ်ရွာလူထုတစ်ခုချင်းစီအတွက် ရရှိနိုင်သော ငွေကြေးအရင်းအမြစ်များ၏ ပမာဏသည် ပြဋ္ဌာန်းစံနှုန်း သို့မဟုတ် လုပ်ဆောင်ချက်များကို အခြေခံ၍ တွက်ချက်ထားသော ပုံသေနည်းတစ်ခုအပေါ် အခြေခံရပါမည်။ ပြဋ္ဌာန်းစံနှုန်းတွင် လူဦးရေ၊ ဆင်းရဲနွမ်းပါးမှုနှုန်းများ၊ သန့်ရှင်းရေး ကွာဟမှုများ တို့ပါဝင်ပြီး လုပ်ဆောင်ချက်တွင် အလုံးစုံ လုပ်ဆောင်ချက်များ၊ အစည်းအဝေး၏ အကျိုးရလဒ်ကို လုပ်ဆောင်နိုင်စွမ်းရှိမှု စသည်တို့ ပါဝင်ပါသည်။

**စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တာဝန်ခံမှု**

- စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းအတွက် ညွှန်ကိန်းများသည် 'သိရန်လိုအပ်ခြင်း' အပေါ် အခြေခံ ရမည်။ 'သိလျှင်ကောင်းမည်' သို့မဟုတ် သိလိုခြင်းအပေါ် အခြေမခံရပါ။ သိရန်လိုအပ်ချက် သည် ရပ်ရွာမှ ပြည်ထောင်စု၊ နိုင်ငံတကာအထိ ကွဲပြားသော အဆင့်များအလိုက် ခြားနားပါသည်။ အချို့သည် စီမံချက်ကို နေ့စဉ် စီမံခန့်ခွဲရန် ရည်ရွယ်ချက်များ အတွက် ဖြစ်နိုင်ပါသည်။ အချို့မှာမူ ကဏ္ဍ၏ လမ်းကြောင်းကို ရေရှည် ခြေရာခံရန် ဖြစ်နိုင်ပါသည်။
- စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းစနစ်အားလုံးတွင် စာရင်းအင်းပညာဆိုင်ရာ ခိုင်လုံသော နည်းလမ်းများဖြင့် အချက်အလက်များကို စုဆောင်းပါသည်။ အချက်အလက်များကို အမှားအမှန် စစ်ဆေးသောစံ ပါဝင်ပြီး ဖြစ်ရပါမည်။ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းစနစ်အားလုံးသည် လူဦးရေ သန်းခေါင် စာရင်း သို့မဟုတ် နမူနာ ကောက်ယူထားသော သတင်းအချက်အလက်များကို အခြေခံ၍ အချက်အလက်များကို စုဆောင်းပါသည်။ အဆင့်မြင့် ယုံကြည်စိတ်ချရသော ကျိုးကြောင်းဆီလျော်၍ ခိုင်လုံသောနမူနာအချက်အလက်များရရှိရန် စာရင်းအင်းပညာများကို အခြေခံ၍ အချက်အလက် များကို ကောက်ယူရပါမည်။ အချက်အလက်များ ကောက်ယူရာတွင် ယုံကြည်စိတ်ချရမှု အမြင့်ဆုံး အဆင့်ဖြင့် ဆောင်ရွက်ရမည့်အပြင် ၎င်းအချက်အလက်များသည် အမြင့်ဆုံး ယုံကြည် စိတ်ချနိုင်မှု ရှိရမည်။

- စီမံချက်စီမံခန့်ခွဲခြင်းကို သီးခြားလွတ်လပ်သောတတိယအဖွဲ့၏ ဓမ္မဓိဋ္ဌာန်ကျကျ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းဖြင့် အားဖြည့်ဆောင်ရွက်ရပါမည်။ စီမံချက်ကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းသည် နေ့စဉ်ပြဿနာများနှင့် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကဏ္ဍ၏ အနေအထားကို နားလည်နိုင်စေရန်အတွက် အရေးပါသော အခြေခံအချက်အလက်များကို ပုံမှန်ကောက်ယူရမည်။ လိုအပ်လျှင် စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ဦးတည်ချက်ကို ပြောင်းလဲရန် အခြေခံဖြစ်သည်။ ထို့အပြင် သီးခြားလွတ်လပ်သောတတိယအဖွဲ့၏ ဓမ္မဓိဋ္ဌာန်ကျကျ အချက်အလက်ကောက်ယူခြင်း လုပ်ငန်းစဉ်ကိုလည်း အချက်အလက်များ သုံးပွင့်ဆိုင် ညီညွတ်ခြင်းက သေချာစေရန် အားဖြည့် ပေးပါသည်။ သီးခြားလွတ်လပ်သောတတိယအဖွဲ့များတွင် အတိုင်ပင်ခံအဖွဲ့များ၊ ပညာရေးအဖွဲ့အစည်းများ၊ သမဂ္ဂများ၊ (ဥပမာ လူမှုရေးအဖွဲ့အစည်းများ)စသည့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်တွင် မသက်ဆိုင်သောသူများ တို့ပါဝင် ပါသည်။
- စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းစနစ်သည် ညွှန်ကိန်းများအတွက် တပြေးညီရှိသော အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့်အတူ ညွှန်ကိန်းအစုံကို တစ်ဖြည်းဖြည်း တိုးတက်ကောင်းမွန်အောင် ဖော်ထုတ်ပြုစုရပါမည်။ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း စနစ်သည် ကျေးလက်ဒေသမှစ၍ ပြည်ထောင်စုနှင့်နိုင်ငံတကာအဆင့်များအထိ စီမံချက်စီမံခန့်ခွဲခြင်းနှင့် ရေရှည်ဆန်းစစ်ခြင်း နှစ်ခုလုံးတို့အတွက် ဆီလျော်သော ညွှန်ကိန်းများကို ပြုစုရပါမည်။ အဖွဲ့အစည်းများသည် ပြောင်းလဲမှုမရှိပဲ နှိုင်းယှဉ်နိုင်သော ညွှန်ကိန်းအစုံနှင့် နည်းလမ်းများကို ပြုစုနိုင်ရန်အတွက် စီမံချက်စီမံခန့်ခွဲခြင်းနှင့် သီးခြားလွတ်လပ်သောတတိယအဖွဲ့မှ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း အစီအစဉ်များကို ဆောင်ရွက်ရမည်။
- စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းသည် ရလဒ်နှင့် အကျိုးရလဒ်ကို ဦးစားပေးရမည်။ ထို့အပြင် ထည့်ဝင်သုံးစွဲသည့်အရင်းအမြစ်နှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်အပေါ် အာရုံစိုက်ရမည်။ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းအတွက် ညွှန်ကိန်းများတွင် ဆောက်လုပ်ပြီးသော အိမ်သာအရေအတွက်၊ လုပ်ငန်းစဉ်၏ဆောင်ရွက်နိုင်စွမ်း၊ ရေအရည်အသွေးကဲ့သို့သော အကျိုးရလဒ် ညွှန်ကိန်းများနှင့်၊ တောထိုင်ခလေ့ ကင်းစင်သောရပ်ရွာများ စသည်ဖြင့် ပါဝင်ပါသည်။ ငွေကြေး စိုက်ထုတ်မှု၊ အသိပညာမြှင့်တင်မှုဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းများ စသည့် ထည့်ဝင်သုံးစွဲသည့် အရင်းအမြစ်နှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်နှင့် ဆက်နွယ်သော အခြားစီမံချက်ကို စီမံခန့်ခွဲခြင်း ညွှန်ကိန်းများလည်း ပါဝင်ပါသည်။
- ဝန်ဆောင်မှုပေးသူများက ပြုလုပ်သော ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်းသည် သီးခြားလွတ်လပ်သော တတိယအဖွဲ့၏ ဓမ္မဓိဋ္ဌာန် စောင့်ကြည့်စစ်ဆေးခြင်းကို အသုံးပြု၍ သုံးပွင့်ဆိုင်

ဆောင်ရွက်ခြင်း ဖြစ်ရပါမည်။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကဏ္ဍကို စောင့်ကြည့် စစ်ဆေးခြင်းအတွက် စီမံချက်ကို စီမံခန့်ခွဲခြင်းနှင့် အစီရင်ခံခြင်းတို့တွင် အသုံးပြုရမည့် အရေးကြီးသော ညွှန်ကိန်းများအား ပုံမှန်စောင့်ကြည့် စစ်ဆေးသော အချက်အလက်များကို အချိန်မှန် (နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်ပတ်လည်) ကောက်ယူရပါမည်။ သီးခြားလွတ်လပ်သောတတိယအဖွဲ့မှ ဦးဆောင်သော ဓမ္မဓိဋ္ဌာန်ကျ စောင့်ကြည့်စစ်ဆေးခြင်းသည် ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်းကို သုံးပွင့်ဆိုင်ဆောင်ရွက်ရန် ရည်ရွယ်၍ သတင်းအချက်အလက်များကို ကာလပိုင်းခြားအလိုက် (နှစ်စဉ်မှ ၅နှစ် တစ်ကြိမ်ကဲ့သို့) ကောက်ယူရမည်။

- စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းစနစ်သည် ခွဲခြားသတ်မှတ်ထားသော အချက်အလက်များ (disaggregated data) ကို ပေးရပါမည်။ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းစနစ်သည် ပထဝီအနေအထား (တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ) အလိုက်၊ ကျား/မ အလိုက်၊ စီးပွါးရေး အဆင့်အတန်း (အနိမ့်ဆုံး/အမြင့်ဆုံးအုပ်စု) အလိုက်၊ မသန်စွမ်းမှုနှင့် အခြားညွှန်ကိန်းများအလိုက် ခွဲခြားထားသော အချက်အလက်များကို ပေးရမည်။
- သက်ရောက်မှုပိုမိုမြင့်မားသည့်အဆင့်များတွင် စုစည်းသည့် စောင့်ကြည့်စစ်ဆေးသည့် သတင်းအချက်အလက်များအတွက် စံကိုက်ချဉ်းကပ်နည်းအစုံကို လက်ခံကျင့်သုံးရမည်။ ကျောင်းများ ၏ သန့်ရှင်းရေးကို ပညာရေး စီမံခန့်ခွဲမှု သတင်းအချက်အလက် – EMIS (စောင့်ကြည့်စစ်ဆေးခြင်း) စနစ်ဖြင့်၎င်း၊ ဆေးရုံ ဆေးခန်းများ၏ သန့်ရှင်းရေးကို ကျန်းမာရေး စီမံခန့်ခွဲမှု သတင်းအချက်အလက် HMIS (စောင့်ကြည့် စစ်ဆေးခြင်း) စနစ်များဖြင့်လည်းကောင်း ဆောင်ရွက်ပါသည်။ အိမ်ထောင်စုများ ၏သန့်ရှင်းရေး စောင့်ကြည့်စစ်ဆေးခြင်း၊ သောက်သုံးရေ အရည်အသွေးကို စောင့်ကြည့်စစ်ဆေးခြင်း၊ စသည်တို့အတွက် စံစနစ်တစ်ခုစီ ရှိရပါမည်။ စုစည်းခိုင်မာစေခြင်းနှင့် ခွဲခြမ်းစိတ်ဖြာစိစစ်ခြင်းတို့ အတွက် ဤစံများ ပေါင်းစုခြင်းကို သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ကဏ္ဍအဆင့်တွင် ဆောင်ရွက်ရမည်။ ထို့အပြင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းစနစ်သည် သောက်သုံးရေကို သန့်ရှင်းရေးနှင့် အခြားကဏ္ဍများကို စောင့်ကြပ် ကြည့်ရှုစစ်ဆေးခြင်းတို့နှင့်အတူ နှိုင်းယှဉ်ရန်နှင့် ခွဲခြမ်းစိတ်ဖြာစိစစ်ရန် ညှိနှိုင်းဆွေးနွေး ရပါမည်။
- စောင့်ကြပ်ကြည့်ရှု စစ်ဆေးမှုစနစ်သည် ပတ်သက်နေသော တာဝန်ရှိသူအားလုံး ပါဝင်သော ပူးပေါင်း ဆောင်ရွက်ခြင်း ချဉ်းကပ်မှုနည်းလမ်းကို လက်ခံကျင့်သုံးရပါမည်။ ရပ်ရွာအဆင့်တွင် ၎င်း၏ ဆောင်ရွက်မှုနှင့် ရေရှည်တည်တံ့မှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးသောစနစ်တွင် အတူတကွပါဝင်

ဆောင်ရွက်ရပါမည်။ ယူနစ်တစ်ခုစီကို အုပ်စုတူအပေါ်များက စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်သော နေရာများ တွင် အုပ်စုတူအဖွဲ့များ၏ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို ကျင့်သုံးရမည်။ (ဥပမာ–ရပ်ရွာတစ်ခုကို အခြားရပ်ရွာတစ်ခုဖြင့် (သို့မဟုတ်) ရပ်ရွာများ အစုအပေါင်းဖြင့်၊ မြို့နယ်တစ်ခုကို အခြားမြို့နယ် (များ) ဖြင့်၊ တိုင်းဒေသကြီးတစ်ခုကို အခြားတိုင်းဒေသ ကြီးများဖြင့်၊ စသည်)

**သာတူညီမျှမှု**

- သန့်ရှင်းရေးသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်။ သန့်ရှင်းရေး ကို လူ့အခွင့်အရေးအဖြစ် ၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ ကြေညာချက်ကို နိုင်ငံအများစုက လက်ခံကျင့်သုံးကြသည်။ ဆင်းရဲခြင်းနှင့် ထိခိုက်လွယ်ခြင်းသံသရာမှ အလွယ်တကူ လွတ်မြောက်ရန်အတွက် ထိခိုက်လွယ်သော လူဦးရေများအပေါ် အထူးအာရုံစိုက်ခြင်း လိုအပ်ပါသည်။ နိုင်ငံအတွင်းရှိ လူသား အားလုံးသည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် (အမျိုးသား လုပ်ထုံးလုပ်နည်းများတွင် ပြဌာန်းသည့်အတိုင်း) အခြေခံ အနိမ့်ဆုံး စံသတ်မှတ်ချက်ကို လက်လှမ်းမီမှုရရှိရန် ညီမျှသော အခွင့်အရေးများရရန် လိုအပ်ပါသည်။ အားလုံးကို အစိုးရ၏ အရင်းအမြစ်များမှ ပစ္စည်းများ ထောက်ပံ့ရမည်ဟု မဆိုလိုပါ။ သို့သော် အားလုံးလက်လှမ်းမီစေမည့် အကျိုးကျေးဇူးရရှိရန် အထောက်အပံ့ဖြစ်စေသော ဝန်းကျင်ကို ဖန်တီးပေးရမည်ဟု ဆိုလိုပါသည်။
- ပါဝင်ဆောင်ရွက်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း အဆင့်များတွင် သာတူညီမျှမှု ပြဿနာရပ်များကို အာရုံစိုက်ရမည်။ ထိခိုက်လွယ်သော လူဦးရေများ၊ ရှေ့တွင်ရှိနေသော ကောင်းမွန်သန့်ရှင်းသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့ကို လက်လှမ်းမီခြင်းမှ တားဆီးနေသော အဟန့်အတားများအပေါ် အထူးအာရုံစိုက်ရန် လိုပါသည်။ ၎င်းတွင် ပထဝီဆိုင်ရာဒေသ (တိုင်းဒေသကြီး/ပြည်နယ်)အကြား၊ မြို့ပြနှင့်ကျေးလက် ဒေသအကြား၊ ကျားနှင့်မအကြား၊ ချမ်းသာသူနှင့် ဆင်းရဲသူအကြား၊ ကိုယ်လက်သန်စွမ်းသူနှင့် မသန်စွမ်းသူတို့ အကြား မတူကွဲပြားမှုနှင့် အခွင့်အရေးညီမျှမှု မရှိခြင်းတို့ကို စူးစိုက် ဆောင်ရွက်ခြင်း ပါဝင်ပါသည်။ ၎င်းအုပ်စုများအကြား လက်လှမ်းမီမှုအပေါ် ကာလအပိုင်းအခြားအလိုက် စဉ်ဆက်မပြတ် အာရုံစူးစိုက် စောင့်ကြည့် စစ်ဆေးခြင်းသည် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် နောင်ကာလများတွင် လမ်းကြောင်းကို ပြင်ဆင်တည့်မတ်ခြင်းအတွက် အလွန်အရေးကြီးပါသည်။

**စည်းမျဉ်းစည်းကမ်းနှင့်အညီ ကြီးကြပ်ခြင်း (စည်းကြပ်ခြင်း)**

- ကဏ္ဍအလိုက် စည်းကြပ်ခြင်းများကို စံသတ်မှတ်ချက်များနှင့် ဥပဒေမူဘောင်များကို အခြေခံ၍ ဆောင်ရွက်ရမည်။ ကဏ္ဍအလိုက် စည်းကြပ်ခြင်းများသည် အိမ်သာကို ကောင်းမွန်သော အိမ်သာ၏ စံသတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်ခြင်းရှိ-မရှိ၊ အညစ်အကြေး (စွန့်ပစ်) ရေများကို ပတ်ဝန်းကျင်သို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွန့်ပစ်ခြင်း ရှိ-မရှိ ကဲ့သို့ စံနှုန်းများကို အာရုံစူးစိုက် ရပါမည်။
- စည်းမျဉ်းစည်းကမ်းနှင့်အညီဆောင်ရွက်ခြင်း မူဘောင်တစ်ခုကို ဖန်တီးရပါမည်။ ဤမူဘောင်သည် စည်းမျဉ်းစည်းကမ်းနှင့်အညီဆောင်ရွက်ခြင်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်း ညွှန်ကိန်းများ၊ အဖွဲ့အစည်း၏ ပုံသဏ္ဍာန်၊ ကာလအပိုင်းအခြား၊ မစည်းကြပ်မီနှင့် စည်းကြပ်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းတို့ကို သတ်မှတ်ပေးရပါမည်။
- စည်းကြပ်မည့် အဖွဲ့အစည်း တစ်ခုကိုသတ်မှတ်ရမည်။ အကယ်၍ မရှိသေးပါက နိုင်ငံတော်၏ အလုံးစုံ စည်းမျဉ်းစည်းကမ်းနှင့်အညီဆောင်ရွက်ခြင်းစနစ်၏ အစိတ်အပိုင်းတစ်ခုကို အခြား နီးနွယ်သော ကဏ္ဍများနှင့်စုစည်းပြီး စည်းကြပ်မည့် အဖွဲ့အစည်းအဖြစ် သတ်မှတ်၍ စည်းကြပ်ရန် မူဘောင်နှင့်အညီ တာဝန်ပေးရမည်။

## ၄။ ကဏ္ဍခွဲအလိုက် မဟာဗျူဟာများ

၄၂။ ကဏ္ဍခွဲအလိုက် လျာထားချက်များ ပြည့်မီရန်အတွက် ကျင့်သုံးရမည့် ကျယ်ပြန့်သော မဟာဗျူဟာများမှာ–

### အိမ်ထောင်စုများ၏ သန့်ရှင်းရေး

- ကောင်းမွန်သန့်ရှင်းသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များ အသုံးပြုခြင်းကို အိမ်ထောင်စုများက သတိပြုမိလာစေရန်အတွက် ပြည်သူလူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေး သို့မဟုတ် ပြည်သူလူထု ချဉ်းကပ်မှုဖြင့် အလုံးစုံသန့်ရှင်းရေးစသည် တို့ကို အခြေခံသည့် ရပ်ရွာလူထုအားလုံးကို ဦးတည်သည့် ချဉ်းကပ်မှုနည်းလမ်းကို လက်ခံကျင့်သုံးရန် ဖြစ်ပါသည်။ ရပ်ရွာလူထုနိုးဆွခြင်းလုပ်ငန်းစဉ်ဖြစ်ပေါ်စေရန် အဆင့်ဆင့်တင်ပြဆွေးနွေးခြင်းနှင့် မီဒီယာ (လူထုနှင့် လူမှုဆက်သွယ်ရေး၊ ရိုးရာဓလေ့ လူထုနှင့်လူမှုဆက်သွယ်ရေးလမ်းကြောင်း) တို့မှ တစ်ဆင့် သတိပြုလာစေရန်အတွက် ထပ်ဆောင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ရပ်ရွာလူထု နိုးဆွခြင်းလုပ်ငန်းစဉ်တွင် ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများအပြင် ထူးခြားသော အခြေအနေများကိုလည်း အခြေခံရမည် ဖြစ်ပါသည်။

- အိမ်ထောင်စုများသည် ၎င်းတို့၏ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များအတွက် ၎င်းတို့တတ်နိုင်မှုအပေါ် အခြေခံ၍ အကုန်အကျခံ ကြရပါမည်။ ၎င်းတို့ ဆောက်လုပ်သော အိမ်သာများသည် ၎င်းတို့၏အိမ်ကို ဆောက်လုပ်ထားသော ပစ္စည်းများကို သုံးစွဲ၍ အိမ်နှင့် အသွင်တူပါက အကောင်းဆုံး ဖြစ်ပါသည်။ သို့မှသာ အိမ်သာကို အိမ်၏ အစိတ်အပိုင်းအဖြစ် ယူဆ၍ ကာလရှည်ကြာစွာ တည်တံ့ရန် အာမခံနိုင်မည် ဖြစ်ပါသည်။
- အိမ်သာများသည် ကဏ္ဍအလိုက် သတ်မှတ်ထားသည့် အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့် ညီညွတ်ရမည်။ ပါးစပ်သို့ မစင်ပိုးမွှားများ ရောက်ရှိခြင်း ကွင်းဆက်ကို ယင်ကောင်များနှင့် မစင် ထိတွေ့ခြင်းကို ထိန်းချုပ်ခြင်းနှင့် ရေကို မစင်ဖြင့် ညစ်ညမ်းခြင်းမှ ကာကွယ်ခြင်းတို့ဖြင့် ထိရောက်စွာ ဖြတ်တောက်နိုင်ရမည်။ အထက်ဖော်ပြပါအတိုင်း ပိုမိုကောင်းမွန်သော အိမ်သာတစ်လုံး၏ လိုအပ်ချက် ဥပဒေသများနှင့် ညီညွတ်နေသရွေ့ လက်ခံသုံးစွဲသော နည်းပညာနှင့် အသုံးပြုသော ပစ္စည်းများသည် အရေးမကြီးပါ။
- အိမ်သာများနှင့် လက်ဆေးခြင်းဆိုင်ရာ အသုံးအဆောင်များကို ပြင်ဆင်ထိန်းသိမ်းခြင်း တို့သည်လည်း အိမ်ထောင်စု၏တာဝန် ဖြစ်ပါသည်။ အိမ်သာသည် ကဏ္ဍအလိုက် သတ်မှတ် ထားသည့် စံနှုန်းအတိုင်း သန့်ရှင်းနေအောင် ထိန်းသိမ်းထားရပါမည်။ မသန့်ရှင်းသော အိမ်သာနှင့် လက်ဆေးရန်နေရာတို့သည် ကျန်းမာရေးအတွက် ထပ်တူအန္တရာယ်ရှိသောကြောင့် အရေးကြီး ပါသည်။
- သုံးစွဲပြီးအိမ်သာများနှင့် အိမ်သာများ၏ ရေရှည် စီမံခန့်ခွဲမှုကို ဂရုပြု ဆောင်ရွက်ရပါမည်။ ရေစစ်ကန်/ မစင်ကန်များ ပြည့်ပါက အစိုးရ သို့မဟုတ် ပုဂ္ဂလိက လုပ်ဆောင်သူနှင့် ဆက်သွယ်၍ စုပ်ထုတ်ခြင်း၊ ရေဆိုးသန့်စင်စက်ရုံသို့ သယ်ယူခြင်း၊ ပတ်ဝန်းကျင်သို့ မစွန့်ပစ်မီ သတ်မှတ်စံနှုန်းများ နှင့်အညီ သန့်စင်ခြင်းတို့ကို ပြုလုပ်ရပါမည်။

**ကျောင်းများ၏ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး**

- ကျောင်းများ၏ အိမ်သာများကို ကျား/မ ခွဲခြားထားရမည်။ ကျောင်းသူများနှင့် ကျောင်းသား များ နှစ်မျိုးစလုံးအတွက် ဆီးခွက်များနှင့် အိမ်သာများ ရှိရပါမည်။ ကျောင်းသူများအတွက် ဓမ္မတာလာချိန် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များ ရှိရပါမည်။
- အိမ်သာများသည် ကလေးများအတွက် အသက်အတိုင်းအတာအလျောက် သင့်လျော် လွယ်ကူမှု ရှိစေရမည်။ ကျောင်းကြီးများတွင် အတန်းနှင့် အသက်အရွယ်ကွာခြားမှု ကြီးမားခြင်း

အတွက် လိုအပ်ချက်များ ရှိပါသည်။ အသက်ငယ်သော ကလေးများအတွက် အိမ်သာများနှင့် လက်ဆေးရန် နေရာများသည် အဆင်ပြေသောအမြင့်၊ အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်မှုနှင့် အရေးပေါ် အကူအညီပေးရန် အစီအမံများ ရှိရပါမည်။

- အခြေခံပညာဦးစီးဌာနသည် အိမ်သာများကို ကောင်းမွန်စွာသုံးစွဲခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း နှင့် သန့်ရှင်းရေးပြုလုပ်ခြင်းတို့အတွက် ရေရရှိရေးကို သေချာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတတ် ရေးဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ရပါမည်။

- အိမ်သာများနှင့် လက်ဆေးရန် နေရာများသည် နိုင်ငံတကာနှင့် အမျိုးသားစံနှုန်းများအတိုင်း မသန်စွမ်းသူများ (အကြားအာရုံ ချွတ်ယွင်းသူများ၊ အမြင်အာရုံ ချွတ်ယွင်းသူများ၊ လမ်းလျှောက်ရန် (သို့မဟုတ်) လှေကားတက်ဆင်းရန် အခက်အခဲရှိသူများ၊ မှတ်မိရန် (သို့မဟုတ်) အာရုံစူးစိုက်ရန် အခက်အခဲရှိသူများ၊ ကိုယ့်ကိုကိုယ် စောင့်ရှောက်ရန် အခက်အခဲရှိသူများနှင့် ဆက်သွယ်ပြောဆိုရန် (ထုတ်ဖော်ပြောဆိုခြင်းနှင့် လက်ခံနားထောင်ခြင်း) အခက်အခဲရှိသူများ) အတွက် လွယ်ကူမှုရှိစေရမည်။

- ကျောင်းရှိ ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများနှင့် အခြားဝန်ထမ်းများ၏ အရေအတွက်ကို အခြေခံ၍ ဆီးသွားခွက်များနှင့် အိမ်သာအရေအတွက်ကို ဆုံးဖြတ်ရပါမည်။ ကျောင်းသားကျောင်းသူများ၏ သုံးစွဲရန် ကြာမြင့်ချိန် အပါအဝင် ဆီးသွားခွက်များနှင့် အိမ်သာသုံးစွဲခြင်း အလေ့အထများကို အခြေခံ၍ အစီအမံများ ပြုလုပ်ရမည်။ သက်ဆိုင်သော အမျိုးသားအဆင့် စံနှုန်းများနှင့် လမ်းညွှန်ချက် များတွင် ဤအချက်များကို ထည့်သွင်းစဉ်းစားပြီး လိုက်နာစေရပါမည်။

- ကျောင်းများတွင် ဓမ္မတာလာချိန် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အစီအမံနှင့် အသုံးအဆောင်များ ရှိရမည်။ လဲလှယ်ရန်အတွက် လုံခြုံသော သီးသန့်အခန်းနှင့် အသုံးပြုပြီးသော ပစ္စည်းများကို စွန့်ပစ်ရန် အတွက် နေရာအစီအမံများ ပါဝင်ရပါမည်။

- ကျောင်းသန့်ရှင်းရေး၊ လက်ဆေးခြင်းနှင့် ဓမ္မတာလာချိန် တစ်ကိုယ်ရေ သန့်ရှင်းရေး ဆိုင်ရာ အစီအမံများအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ရရှိဘဏ္ဍာငွေမှ ကျခံရမည်။ ကိုယ်ပိုင်ရန်ပုံငွေ သို့မဟုတ် မိဘဆရာ အသင်းမှတစ်ဆင့် စရိတ်မျှပေးနိုင်သော ကျောင်းများတွင် ဦးစားပေး၍ ဆောင်ရွက်ရပါမည်။ အိမ်သာများ၊ အသုံးအဆောင်ပစ္စည်းများ ဆောက်လုပ်ပြီးပါက ပြင်ဆင် ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းကို သက်ဆိုင်ရာ ကျောင်းက မိမိဘာသာ ဆောင်ရွက်ရမည်။

- ကျောင်းများတွင် တစ်ကိုယ်ရေသန့်ရှင်းရေး ပညာပေးခြင်းသည် လုပ်ငန်းစဉ်၏ အဓိက အစိတ်အပိုင်း ဖြစ်ပါသည်။ ကောင်းမွန်သော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး တို့၏

အရေးကြီးပုံနှင့် လိုအပ်ပုံတို့သည် ကျောင်းအားလုံးတွင် သင်ကြားရမည့် သင်ရိုးညွှန်းတမ်း၏ အစိတ်အပိုင်းအဖြစ် ပါဝင်ရပါမည်။ ပိုမိုကောင်းမွန်သောသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အတွက် ကလေးများဦးဆောင်သော ချဉ်းကပ်မှုနည်းလမ်း ရှိစေနိုင်ရန် ကျန်းမာရေး အသင်းအဖွဲ့ များကို ကျောင်းအားလုံးတွင် ဖွဲ့စည်းရမည်။

**ဆေးရုံ၊ဆေးခန်းများ၏ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး**

- ဆေးရုံ၊ဆေးခန်းများ၏သန့်ရှင်းရေးကို အစိုးရကဖြစ်စေ၊ ပုဂ္ဂလိက ကဖြစ်စေ ပိုင်ဆိုင်သော/ လုပ်ငန်းဆောင်ရွက်နေသော မြို့နယ်နှင့်အောက်အဆင့် ဆေးရုံများအားလုံးတွင် ဆောင်ရွက်ရ ပါမည်။ ဆေးရုံဆေးခန်း၏ ပိုင်ရှင်သည် အိမ်သာများကို ဆောက်လုပ်ရန် တာဝန်ရှိပြီး ဆေးရုံအုပ်ချုပ်သူသည် လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းကို ဆောင်ရွက်ရပါမည်။
- ဆေးရုံဆေးပေးခန်းများရှိ အိမ်သာနှင့် လက်ဆေးရန်နေရာများ၏ အရေအတွက်သည် ပြင်ပ လူနာ၊ အတွင်းလူနာ၊ လူနာစောင့်များနှင့် ဝန်ထမ်းများ (ဆရာဝန်များ၊ သူနာပြုများ၊ အထောက် အကူပြု ဝန်ထမ်းများ) ၏ အရေအတွက်အပေါ် မူတည်ပါသည်။ လူနာများသည် ယာယီ သို့မဟုတ် အမြဲတမ်း မသန်စွမ်းမှု ရှိနိုင်သည့်အတွက် ၎င်းတို့အတွက် အထူးစဉ်းစားပေးမှုကို ဆေးရုံဆေးခန်း တိုင်းတွင် လုပ်ဆောင်ရမည်။
- မည်သည့်ဆေးရုံဆေးခန်းတွင်မဆို သန့်ရှင်းရေးသည် အသက်သွေးကြောဖြစ်သည့်အတွက် ရေချိုးရန်နှင့် လျှော်ဖွတ်ရန်နေရာများကိုပါ ဖြည့်ဆည်း၍ ထိန်းသိမ်းပေးရပါမည်။ ဆေးရုံ အညစ်အကြေး စီမံခန့်ခွဲမှု (သီးခြားမူဝါဒ တစ်ဖြည်းဖြည်း ဖြစ်တည်လာရန်) နှင့် ရောဂါကူးစက်မှုမှ ကာကွယ်တားဆီးရေးကို ထပ်မံ၍အာရုံစိုက်ရပါမည်။ ဆေးရုံဆေးခန်းများအားလုံးသည် ရောဂါ ကူးစက်မှုမှ ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၏ အညစ်အကြေးများ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ယုံကြည်စွာ လိုက်နာ ကျင့်သုံးရမည်။
- ဆေးရုံဆေးခန်းများ၏ သန့်ရှင်းရေးအတွက် ငွေကြေးသုံးစွဲခြင်းကို ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန သို့မဟုတ် အခြား တူညီသော အရင်းအမြစ်များမှ ကျခံရန် ဖြစ်ပါသည်။ ထိုကုန်ကျငွေ ကို ဆေးရုံဆေးခန်း တစ်ခုလုံး၏ ငွေလုံးငွေရင်း အသုံးစရိတ်တွင် စုပေါင်းထည့်သွင်းရန် ဖြစ်ပါသည်။

• ဆေးရုံဆေးခန်းများ၏ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်များ၏ ပြင်ဆင်ထိန်းသိမ်းခြင်းကို ဆေးရုံဆေးခန်းများ ပြင်ဆင်ထိန်းသိမ်းခြင်းဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းထားရမည်။(OEH)

**အများပြည်သူဆိုင်ရာနေရာများ၏ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး**

• ဈေးများ၊ ကားဂိတ်များနှင့် အခြားအများပြည်သူနှင့် သက်ဆိုင်သောနေရာများရှိ အိမ်သာအမျိုးအစားကို လိုအပ်ချက်များအပေါ် မူတည်၍ ဆုံးဖြတ်သတ်မှတ်ရပါမည်။ သတ်မှတ် ထားသောနေရာများသို့ လာရောက်သူ အရေအတွက်နှင့် အချိန်အပိုင်းအခြား (နေ့တစ်နေ့၏အချိန်၊ ရက်တစ်ပတ်တွင် ရက်အရေအတွက်၊ နှစ်တစ်နှစ်တွင် သတ်မှတ်ထားသော အချိန်ကာလ) တို့ကို အခြေခံ၍ အိမ်သာများသည် လိုအပ်ချက်အလိုက် ယာယီ သို့မဟုတ် အမြဲတမ်းအဆောက်အအုံ ဖြစ်နိုင်ပါသည်။

• အိမ်သာများတွင် ကျား/မ ခွဲခြားထားသော ဆီးသွားခွက်များနှင့် အိမ်သာများ၊ လက်ဆေးရန်နေရာများ၊ ရင်ခွင်ပိုက်နှင့် ကလေးငယ်များအတွက် နေရာအသုံးအဆောင်များ၊ ဓမ္မတာလာချိန်တစ်ကိုယ်ရေ သန့်ရှင်းရေး အစီအမံများ၊ ဆီးဝမ်းခံ အဝတ်များနှင့် ဓမ္မတာလာချိန်သုံး ပစ္စည်းများကို စွန့်ပစ်ရန်နေရာတို့ ပါဝင်ရမည်။ အိမ်သာများတွင် မသန်စွမ်းသူများ (လှုပ်ရှားသွားလာရန် ခက်ခဲသူများ၊ အကြားအာရုံ ချွတ်ယွင်း သူများ၊ အမြင်အာရုံချို့တဲ့သူများ) အတွက် အဆင်ပြေသော အိမ်သာများ မဖြစ်မနေ ပါဝင်ရမည်။ အိမ်သာများသည် လွယ်ကူစွာအသုံးပြုနိုင်သောနေရာများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများအတွက် လုံခြုံသော နေရာများ၊ အလင်းရောင်ကောင်းစွာရသော နေရာများ၊ သီးသန့်ဖြစ်သော နေရာများတွင် တည်ရှိရပါမည်။

• ၎င်းအိမ်သာများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်ကို အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အိမ်သာအတွက် တာဝန်ရှိသော အဖွဲ့အစည်းက ထောက်ပံ့ခြင်း သို့မဟုတ် ချေးငှားခြင်း ပြုရပါမည်။ လုပ်ငန်းစဉ်၏အစတွင် ၎င်းအိမ်သာများ၏ သက်တမ်းကို သိရှိနိုင်စေရန်အတွက် အိမ်သာများ၏စွမ်းဆောင်နိုင်မှုကို ဆန်းစစ်ခြင်း ပြုလုပ်ရပါမည်။ အိမ်သာ၏ သက်တမ်းတစ်ခုလုံးအတွက် ကုန်ကျစရိတ် တွက်ချက်ခြင်း ချဉ်းကပ်မှု နည်းလမ်းကို လက်ခံကျင့်သုံးရပါမည်။

• အိမ်သာများ၏ လုပ်ငန်းလည်ပတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းကို ပုဂ္ဂလိကကဏ္ဍ သို့မဟုတ် လူထုအဖွဲ့အစည်းများ (လူမှုရေးအသင်းအဖွဲ့များ)များမှ သီးခြားသတ်မှတ်ပေးသော အဖွဲ့အစည်းများ က ပြုလုပ်ရန် ဖြစ်ပါသည်။ ပုံမှန်အားဖြင့် လူထုအဖွဲ့အစည်းများဖြစ်သော

အိမ်သာပိုင်ရှင်များသည် လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ကန်ထရိုက်ကို လေလံစနစ်ဖြင့် ရွေးချယ်ခြင်း တို့တွင် ပါဝင်ရန် ဖြစ်ပါသည်။

- အသုံးပြုခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ငွေလုံးငွေရင်း (စီမံခန့်ခွဲမှု) အသုံးစရိတ်တို့အတွက် အိမ်သာများတွင် " အခပေး" စနစ်ကို ကျင့်သုံးရန် ဖြစ်ပါသည်။ လိုအပ်ချက်နှင့် အသုံးပြုသူများ၏ အခြေအနေ အချက်အလက်များကို အခြေခံ၍ အသုံးပြုခကို သတ်မှတ်ရန် ဖြစ်ပါသည်။

**ဘေးအန္တရာယ်ကျရောက်ချိန်နှင့် အရေးပေါ်ခြေအနေများတွင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး**

- ဘေးအန္တရာယ်နှင့် အရေးပေါ်ခြေအနေများ ကျရောက်တတ်သော ဒေသများတွင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများသည် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ အထူးသဖြင့် မြို့နယ်အဆင့်တွင် ဖွဲ့စည်းထားသည့် သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီများ၏ အလုံးစုံ ဦးဆောင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု လက်အောက်တွင် ရှိရပါမည်။
- မြို့နယ်သည် ဘေးအန္တရာယ်ကျရောက်ချိန်နှင့် အရေးပေါ်ခြေအနေများကို ရင်ဆိုင်ရန် အတွက် စီမံခန့်ခွဲမှုအစီအစဉ်တစ်ခုကို စံပြုလုပ်ထုံးလုပ်နည်း များနှင့်အတူ ပြင်ဆင်၍ တာဝန်ရှိသူများ အားလုံးကို ဖြန့်ဝေထားရမည်။ အစီအစဉ်တွင် အရေးပေါ်ကယ်ဆယ်ရေးနေရာများ၊ ကူညီပံ့ပိုး နိုင်သည့် လူများကိုသတ်မှတ်ခြင်း၊ အသင့်ရှိရမည့်ပစ္စည်းများနှင့် ငွေကြေးဆိုင်ရာ လိုအပ်ချက်များတို့ ပါဝင်ရမည်။
- အရေးပေါ်အခြေအနေများတွင် လုပ်ဆောင်ရန် ကိစ္စများအပေါ် အထူးသတိပြုစေရန် အစည်းအဝေးများကို အဖွဲ့အစည်း အမျိုးမျိုးနှင့် ပြည်သူလူထု အကြားတွင် ပြုလုပ်ရပါမည်။
- ဘေးအန္တရာယ်ကျရောက်ချိန်နှင့် အရေးပေါ်ခြေအနေများတွင် အမြန်တုံ့ပြန် ဆောင်ရွက် နိုင်ရန်အတွက် အမြန်ဆောက်လုပ်နိုင်သည့် ပုံသွင်းပြီးပစ္စည်းများ၊ အရေးပေါ် အသုံးအဆောင်များ စသည်ဖြင့် ပါဝင်သော ပစ္စည်းများရရှိနိုင်မှု ကွင်းဆက်များကို မြို့နယ်အဆင့်တွင် ပြင်ဆင်ထားရမည်။
- အရေးပေါ်အခြေအနေများ ဖြစ်ပွားသည့်အချိန်များတွင် အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန် အရေးပေါ် အခြေအနေများတွင်သာ သုံးရန်ဖြစ်သော မြို့နယ်အဆင့် အရေးပေါ်ရန်ပုံငွေတစ်ခုကို အဆင်သင့်ထူထောင် ပြင်ဆင်ထားရပါမည်။
- အရေးပေါ်အခြေအနေများကို တုံ့ပြန်ဆောင်ရွက်နိုင်၍ အချိန်နှင့်တစ်ပြေးညီ ၎င်းအခြေအနေ ၏ ထိခိုက်မှုအဆင့်အတန်းကို သိရှိစေနိုင်သည့် စောင့်ကြည့်စစ်ဆေးခြင်း စနစ်တစ်ခုကို အရေးပေါ်

ကျရောက်ချိန်တွင် အဆင်သင့် သုံးစွဲနိုင်စေရန်အတွက် ရေးဆွဲစမ်းသပ် လေ့ကျင့်ပြင်ဆင်ထားရပါမည်။

## ၃။ မူဝါဒကို ကျင့်သုံးခြင်း

- သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မူဝါဒကို တစ်နိုင်ငံလုံးမှ လိုက်နာဆောင်ရွက်နိုင်ရန် စနစ်တကျ ဖြန့်ဝေပေးထားရပါမည်။ မူဝါဒ၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်များ၊ ဥပဒေသများတို့ကို သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကဏ္ဍတွင် တာဝန်ရှိသူများဆီသို့ သာမက နိုင်ငံတစ်ဝှမ်းရှိ သာမန်ပြည်သူများဆီသို့ပါ ရောက်ရှိစေရပါမည်။ သို့မှသာ သန့်ရှင်းသော အမူအကျင့်/အလေ့အကျင့် တို့ကို လက်ခံကျင့်သုံးခြင်းဟူသော လူမှုရေးစံသို့ ရောက်ရှိပြီး ထာဝရ တည်တံ့နိုင်မည် ဖြစ်ပါသည်။
- မူဝါဒကို မြေပြင်လုပ်ဆောင်ချက်များအဖြစ် ပြောင်းလဲရာတွင် စိန်ခေါ်မှုရှိသည့် လုပ်ငန်းများကို ရင်ဆိုင်ဆောင်ရွက်နိုင်ရန်အတွက် စနစ်ကျသော အကောင်အထည်ဖော်မှုဆိုင်ရာ မဟာဗျူဟာ၊ အစီအစဉ်နှင့် ကုန်ကျစရိတ် တွက်ချက်ခြင်းတို့ကို ဆောင်ရွက်ပြီး ဖြစ်စေရပါမည်။
- ပါဝင်ဆောင်ရွက်ခြင်းများကို အဆင့်မြှင့်တင်ရာတွင် ပြေပြစ်ချောမောစေရန်နှင့် မျှော်မှန်းချက် ရလဒ်များ ပြည့်မီစေရန်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင် နိုင်ငံရေးအရ စိတ်ထက်သန်မှု၊ ဥပဒေမူဘောင်၊ ဘဏ္ဍာငွေထောက်ပံ့မှုစသည့် စွမ်းဆောင်နိုင်သည့် ဝန်းကျင်များကို ဖန်တီးပြီးထားရှိရပါမည်။
- တာဝန်ရှိသူများအားလုံး ပါဝင်ခြင်း၊ ဆောင်ရွက်ရမည့် အသေးစိတ်လုပ်ငန်းစဉ်များ၊ အဖွဲ့အစည်းများဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ၊ ငွေကြေးလိုအပ်ချက်များ၊ စောင့်ကြည့်စစ်ဆေးခြင်းများတို့အတွက် မဟာဗျူဟာနှင့် အစီအစဉ်များကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် အပြီးသတ် ရေးဆွဲရပါမည်။
- မူဝါဒကို ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ရပါမည်။ မူဝါဒကို ၎င်း၏ လက်တွေ့ကျမှု၊ ကိုက်ညီမှု၊ အခြေအနေနှင့်အညီ လက်ခံပြောင်းလဲနိုင်မှု တို့အတွက် ငါးနှစ်တစ်ကြိမ် သို့မဟုတ် လိုအပ်လျှင် ပို၍ စောစော ပြန်လည်သုံးသပ်ရပါမည်။